


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ဟောကြားဆုံးမတော်မူသောတရားတော်

# ရေစက်ချလေးပြင်ဦးမှတော်မယ်

ဟောကြားသည့်နေ့
၉-၅-၆၁

၁၉၈

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ဟောကြားတော်မူသောတရားတော်

# ရေစက်ချလေး ပြင်ဦးမှတော်မယ်

ဟောကြားသည့်နေ့
(၉-၅-၁၉၆၁)

စာမူခွင့်ပြုချက် အမှတ်  - ၅၁၀/၂၀၀၂ (၉)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၉၈/၂၀၀၂ (၉)

**ထုတ်ဝေသူ** ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဒေါ်နုနုဝင်း (မြ - ၀၆၆၅၆)
လောကပါလပုံနှိပ်တိုက်
အမှတ် (၈၄)၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားဆုံးမတော်မူသော တရားတော်

## ရေစက်ချလေး၊ ပြင်ဦးမှတော်မယ်

ဟောကြားသည့်နေ့ (၉-၅-၆၁)

ဒကာဒကာမတွေ ခန္ဓာကိုယ်ထဲမှာပေါ်တဲ့ တရားလေးတစ်ခုကိုပိုင်ပိုင်နိုင်နိုင် သိလို့ရှိရင်ဖြင့်တဲ့ ဒိဋ္ဌိပြုတ်ပါတယ်၊ ခန္ဓာကိုယ်ထဲမှာ ခုမှပေါ်လာတဲ့ အစစ်တရား လေးတစ်ခုကို ဘယ်လိုကြောင့် ပေါ်လာပါလိမ့်မတုံး၊ ဘယ်လိုကြောင့် ပျက်သွားပါလိမ့် မတုံးလို့ သိလို့ရှိရင်ဖြင့်၊ ဘယ်လိုကြောင့် ပေါ်လာပါလိမ့်မတုံး သိရင် ဝိစိကိစ္ဆာပြုတ်တယ်၊ ဘယ်လိုကြောင့် ပျက်သွားပါလိမ့် မတုံးလို့သိလို့ ရှိရင်ဖြင့် ဒိဋ္ဌိပြုတ်တယ် . . . (မှန်ပါ)။

တရားလေးတစ်ခု ကိုဝတို့ မောင်နိုင်တို့စဉ်းစား၊ ဘယ်လို ကြောင့် ပေါ်လာပါလိမ့်မလဲဆိုတာကို၊ ခင်ဗျားတို့ ဆရာဘုန်းကြီး ဟောတဲ့အတိုင်း သိကြလို့ရှိရင် ဝိစိကိစ္ဆာ ပြုတ်တယ်. . . (မှန်ပါ)။

## ဘယ်လိုကြောင့်ပျက်သွားပါလိမ့်

ဘယ်လိုကြောင့် ပျက်သွားပါလိမ့်မလဲလို့ သိရင်ဒိဋ္ဌိပြုတ်တယ်. . . (မှန်ပါ) အဲဒီ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာနှစ်ခုပြုတ်လို့ရှိရင် အပါယ်လေးပါးတော့ လုံးဝမကျဘူး. . . (မှန်ပါ)။ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာပြုတ်ရင် . . . (အပါယ်လေးပါး မကျပါဘူးဘုရား) အပါယ်လေးပါး မကျပါဘူး။

ကောင်းပြီ၊ ဒါဖြင့် တပည့်တော်တို့မှာဘုရား လောဘတွေနဲ့၊ ဒေါသတွေနဲ့ ဒါတွေကရောဘုရား၊ မောဟတွေကလည်း ရှိနေသေးတာပဲ၊ ဒီအတွက်တွေက အပါယ်မသွားရဘူးလားလို့ မေးဖို့မလိုဘူးလား. . . (လိုပါတယ်ဘုရား)။

## သောတာပန်ပုဂ္ဂိုလ်

သောတာပန် ပုဂ္ဂိုလ်ဟာ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာပြုတ်လို့ အပါယ် လွတ်သွားတယ်. . . (မှန်ပါ)။ ဒိပြင် လောဘ၊ ဒေါသ၊ မောဟတွေ လေးပိုင်းသုံးပိုင်း ကျန်တာချည့်ပဲလို့၊ လေးပိုင်းမှာ သုံးပိုင်း ကျန်တယ်လို့မှတ်လိုက်ပါ. . . (မှန်ပါ)။

## သကဒါဂါမ်ပုဂ္ဂိုလ်

သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်တွေဟာ ဒကာ ဒကာမတို့ သောတာပန်ဆိုရင်ဖြင့် လေးပိုင်းသုံးပိုင်းကျန်တယ်၊ သကဒါဂါမ်ဆိုရင် နှစ်ပိုင်းတစ်ပိုင်းကျန်တယ်ဆိုတာ သိကြပါပြီ . . . (မှန်ပါ)။

## အနာဂါမ်ပုဂ္ဂိုလ်

အနာဂါမ်ဆိုလို့ရှိရင်ပဲတဲ့ လေးပိုင်းမှာသုံးပိုင်းကုန်ပြီး တစ်ပိုင်းတည်းကျန်တယ်ဆိုတာသိပေါ့၊ လောဘ၊ ဒေါသ၊ မောဟ ကျန်သေးတယ်ဆိုတာသိတာပဲ. . . (မှန်ပါ)။

သို့သော် ဘယ့်နှယ်ကြောင့် သောတာပန် အပါယ်မကျ တာပါလိမ့်မလဲ၊ သကဒါဂါမ် အပါယ်မကျပါလိမ့်မလဲ၊ အနာဂါမ် အပါယ်မကျပါလိမ့်မလဲ မေးဖို့မလိုဘူးလား . . . (လိုပါတယ်ဘုရား)။

## ရဟန္တာကျတော့

ရဟန္တာတော့ မထည့်ပါနဲ့ အကုန်ပယ်ပြီးသားမို့၊ ဒကာ ဒကာမတို့ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာပြုတ်သွားလို့ အပါယ်မကျတာလို့ ဆုံးဖြတ်ချက်ချ. . . (မှန်ပါ)။ ဘယ့်နှယ်ကြောင့်ပါလိမ့်. . . (ဒိဋ္ဌိ၊ ဝိစိကိစ္ဆာပြုတ်သွားလို့ပါဘုရား)။ ဒကာ ဒကာမတို့ ရှင်းကြရဲ့လား . . . (ရှင်းပါတယ်ဘုရား)။

ခင်ဗျားတို့ကြောက်နေတာကတော့ကို လောဘ ကြောက် တယ်၊ ဒေါသကြောက်တယ်၊ မောဟကြောက်တယ်၊ ဣဿာ၊ မစ္ဆရိယ၊ မာနတွေကြောက်တယ်၊ မကြောက်ပါနဲ့တဲ့ ဒါတွေဟာ ကိစ္စမရှိပါဘူး၊ ရှေးဦးစွာ အပါယ်ရောက်စေတတ်တဲ့ တရားနှစ်ခုကို ကြောက်ပါ. . . (မှန်ပါ)။

## အပါယ်ရောက်စေတတ်တဲ့တရားနှစ်ခု

ရှေးဦးစွာ အပါယ်ရောက်စေတတ်တဲ့ တရားနှစ်ခုက ဘယ်သူပါလိမ့်. . . (ဒိဋ္ဌိ၊ ဝိစိကိစ္ဆာပါဘုရား) သောတာပန် တည်သွားတော့ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ ပယ်လိုက်တယ်မဟုတ်လား . . . (မှန်ပါ)။ အပါယ်များကျသေးသလား . . . (မကျပါဘူး ဘုရား)။

ကျန်တဲ့ လောဘတွေ၊ ဒေါသတွေ၊ မောဟတွေ မာနတွေ မရှိဘူးလား. . . (ရှိပါတယ်ဘုရား) မချလို့ မကျတာပေါ့. . . (မှန်ပါ) ရှိရဲ့နဲ့ မကျတာထောက်လိုက်လို့ရှိရင် မချလို့ မကျ တာဘဲဆိုတာ ကိုဝတို့၊ မောင်နိုင်တို့ ကိုမြင့်တို့ မသေချာပေ ဘူးလား . . . (သေချာပါတယ်ဘုရား)။

## ဒိဋ္ဌိဝိစိကိစ္ဆာကြောက်ပါ

အဲတော့ ဒီအထဲမှာ လောဘကြောက်စရာကောင်းသ လား၊ ဒေါသကြောက်စရာကောင်းသလား၊ မာနကြောက်စရာ

ကောင်းသလား၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာကြောက်စရာကောင်းသလားဆို၊ ကြောက်စရာထဲမှာ သံယောဇဉ် ကြောက်စရာအကောင်းဆုံး၊ အကြီးဆုံးက ဘယ်သူပါလိမ့်မတုံး. . . (ဒိဋ္ဌိ၊ ဝိစိကိစ္ဆာပါဘုရား)။ သဘောကျကြပြီလား. . . (ကျပါတယ်ဘုရား)။

ဒါဖြင့် ဒိဋ္ဌိ၊ ဝိစိကိစ္ဆာပြုတ်လို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ လောဘဟာလည်း အပါယ်ရောက်စေတတ်တဲ့ လောဘ တစ်မျိုး၊ အဲဒီလို အပါယ်ရောက်စေတတ်တဲ့ လောဘဟာ ဒိဋ္ဌိပြုတ်တဲ့ အထဲ အကုန်ပါသွားတာပဲ. . . (မှန်ပါ)။

အပါယ်ရောက်စေတတ်တဲ့ မောဟတွေကလည်း ဝိစိကိစ္ဆာ ပြုတ်တဲ့အထဲ အကုန်ပါသွားတာပဲ . . . (မှန်ပါ)။ ဒါကြောင့် ဒကာဒကာမတို့ အရေးတကြီးပြောရမှာ သိပြီလား . . . (သိပါပြီဘုရား) ဒိဋ္ဌိ၊ ဝိစိကိစ္ဆာပြုတ်ခန်းကို အရေးတကြီး ပြောရမယ်. . . (မှန်ပါ)။

ဒကာ ဒကာမတွေ အသိနဲ့ဖြုတ်တာတစ်မျိုး၊ အပွားနဲ့ပြုတ် တာတစ်မျိုး. . . (မှန်ပါ)။

## အသိနဲ့ပြုတ်ရင်စူဠသောတာပန်

အသိနဲ့ဖြုတ်ရင် စူဠသောတာပန်၊ အပွားနဲ့ပြုတ်ရင် မဟာသောတာပန်။ ကိုင်း. . . ဒါဖြင့် ဒကာ ဒကာမတို့ အကြောက် လွဲနေတယ်ဆိုတာ ကိုဝ မှတ်စမ်းပါ. . . (မှန်ပါ)။

တပည့်တော် လောဘ၊ ဒေါသ၊ မောဟ၊ မာနတွေ အလွန် ကြောက်တာ၊ ဒါတွေဟာ အပါယ်သွားတတ်တဲ့ တရားတွေ မင်းတို့လောဘဆင်ခြင်ကြကွ၊ ဒေါသဆင်ခြင်ကြ၊ မာနဆင်ခြင် ကြကွာလို့လည်း ပြောကြ၊ ဟောကြလေ့ရှိတယ် . . . (မှန်ပါ)။

သို့သော် သူတို့ထက်ကြောက်စရာကောင်းတာကိုတော့ မထည့်ပဲနဲ့နေလို့ရှိရင်ဖြင့် မှားတယ်လို့ဘဲ ဖြေကြရမယ်. . . (မှန်ပါ)။ သူတို့ထက်ကြောက်စရာကောင်းတာ ဘယ်သူပါလိမ့် မတုံး. . . (ဒိဋ္ဌိ၊ ဝိစိကိစ္ဆာပါဘုရား)။ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ။

## ဒိဋ္ဌိဝိစိကိစ္ဆာကြောင့်အပါယ်ကျတာ

အဲဒါကို ဒိဋ္ဌိ၊ ဝိစိကိစ္ဆာကြောင့် အပါယ်ကျတာဆိုတာ၊ သောတာပန်ပုဂ္ဂိုလ်အပါယ်မကျတာထောက်ကြည့်. . . (မှန်ပါ)။ သောတာပန်ပုဂ္ဂိုလ်သည် ကိုဝတို့ မောင်နိုင်တို့ ကိုမြင့်တို့ ဘာပယ် လိုက်သတုံး. . . (ဒိဋ္ဌိဝိစိကိစ္ဆာပါဘုရား)။

အပါယ်များကျသေးသလား . . . (မကျပါဘူးဘုရား) **"စတူဟာပါယေဟိစဝိပ္ပမုတ္တော" စတူဟိ - လေးပါး ကုန်သော၊ အပါယေဟိစ - အပါယ်တို့မှ၊ ဝိပ္ပမုတ္တော - လွတ်သည်၊ ဟောတိ-ဖြစ်၏။**

အပါယ်လေးပါးမှ လွတ်တယ်ကွာ သောတာပန်တည်တဲ့ ပုဂ္ဂိုလ်များ၊ ဒီဒိဋ္ဌိ၊ ဝိစိကိစ္ဆာပယ်ပြီးသားပုဂ္ဂိုလ်များ အပါယ်လေးပါးမှ လွတ်တယ်ကွဆိုသဖြင့် လောဘ၊ ဒေါသ၊ မောဟ၊ မာနတွေထက် ဘာကြောက်စရာကောင်းတယ်ဆိုတာ ပေါ်လာကြပြီလား . . . (ပေါ်လာပါပြီဘုရား)။

ဘာကြောက်စရာကောင်းသတုံး. . . (ဒိဋ္ဌိ၊ ဝိစိကိစ္ဆာပါဘုရား)။ သေသေချာချာ ဂရုစိုက်မှတ်ပါ။ မနေ့ညက တရားနဲ့မတူဘူး၊ ဒီဥစ္စာ တစ်မျိုးပဲ အရေးကြီးလို့ တစ်မျိုးပဲ ပြောပြန်တယ်ဆိုတဲ့ဥစ္စာ မှတ်ကြရလိမ့်မယ်. . . (မှန်ပါဘုရား)။

## ဘာမှစိုးရိမ်စရာမရှိပါဘူး

ဒါဖြင့် ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ ရဲရဲတင်းတင်းပဲ ဆရာဘုန်းကြီးဖြုတ်ပေးပါ့မယ်တဲ့၊ ဒကာ ဒကာမတွေ ဘာမှ စိုးရိမ်စရာမရှိပါဘူး . . . (မှန်ပါ)။

အသိဉာဏ်နဲ့ပဲဖြုတ်ပေးလိုက်မယ်ဆိုရင် စူဠ သောတာပန်၊ တစ်ဘဝ အပါယ်မလားရဘူး. . . (မှန်ပါ)။

## အပါယ်တံခါးလုံးဝပိတ်ပြီ

ပွားများပြီးသကာလ ဖြုတ်ကြမယ်ဆိုရင် အပါယ်တံခါးလုံးဝပိတ်ပြီလို့မှတ်. . . (မှန်ပါ)။

ကဲ. . . ဒါဖြင့် ပြောကြပါစို့တဲ့။ ဒကာ ဒကာမတို့ ဂရုစိုက်ပြီး နားထောင်ပါဆိုတာ အထူးတလည် သတိပေး လိုက်တယ်. . . (မှန်ပါ)။ ဒကာ ဒကာမတွေ ခန္ဓာကိုယ်ကြီး ရှိပါတယ်၊ ခြေ၊ လက်၊ နား၊ နှာခေါင်း၊ လျှာ အင်္ဂါကြီးငယ်ဆိုတဲ့ ခန္ဓာကိုယ်ကြီး ရှိပါတယ်။

အဲဒီ ကိုယ်ပေါ်မှာ ဟိုနေရာက ယားသလိုလို၊ ဒီနေ ရာက နာသလိုလိုဆိုတဲ့ ယားစိတ်၊ နာစိတ်ကလေးတွေ မပေါ်ဘူးလား . . . (ပေါ်ပါတယ်ဘုရား)။

## ကိုယ်စိတ်လို့ခေါ်လိုက်စမ်းပါ

စိတ်နဲ့ ဝေဒနာနဲ့ အတူတူပဲ ဖြစ်ဖော်ဖြစ်ဖက်မို့ ရောပြော လိုက်ပါတယ်. . . (မှန်ပါ)။ အဲဒါသည်ကားလို့ဆိုရင် ကိုယ်ပေါ်မှာ ပေါ်သောကြောင့် ကိုယ်စိတ်လို့ ခေါ်လိုက် စမ်းပါ. . . (မှန်ပါ)။

ကိုယ်ပေါ်မှာပေါ်သောကြောင့်. . . (ကိုယ်စိတ်ပါ ဘုရား) အဲ. . ဝေဒနာလိုသုံးမယ်ဆိုတော့ ဒုက္ခဝေဒနာ၊ ကာယိကဒုက္ခ ဝေဒနာလို့ဆိုလိုက်ပါတယ်. . . (မှန်ပါ)။ ကိုယ်ပေါ်မှာပေါ်လို့ပဲ မထူးပါဘူး။

ဒါကြောင့် ဒကာ ဒကာမတို့ ကိုယ်ပေါ်မှာ ပေါ်တဲ့စိတ် ကလေးတစ်ခုဟာ သိထားဖို့ အရေးကြီးတယ်၊ ကိုယ်ပေါ်မှာ

ပေါ်တဲ့ဝေဒနာလေးတစ်ခု သိထားဖို့အရေးကြီးတယ်။ မနေ့က လျှာကိုဟောခဲ့လို့ ဒီနေ့ကိုယ်ကိုဟောတယ်လို့ မှတ်ပါ. . . (မှန်ပါ)။

## တိုက်ဆိုင်လို့ပေါ်တယ်ဆိုတာမှတ်စမ်း

ကိုယ်ဆိုတာမျိုးသည် ဒကာ ဒကာမတို့၊ ကိုယ်ပေါ်မှာ ပေါ်တဲ့စိတ်ဟာ တစ်နေ့က ကိုယ်ပေါ်မှာ ပေါ်တဲ့စိတ်ရယ်လို့ မရှိပါဘူး. . . (မှန်ပါ)။ တိုက်ဆိုင်လို့ပေါ်တယ်ဆိုတာ မှတ်စမ်းပါ. . . (မှန်ပါ)။

ကိုယ်ပေါ်မှာ ပေါ်နေတဲ့စိတ်ရယ်၊ သီးသန့်ပေါ်နေတဲ့စိတ်ရယ်လို့ အစလာကတည်းကရှိတယ်လို့ ဘယ်အခါမှ မယူပါနဲ့. . . (မှန်ပါ)။ အကြောင်းတိုက်ဆိုင်လို့ ပေါ်လာတဲ့ ဧည့်သည်စိတ်ပဲ၊ ဧည့်သည်ဝေဒနာပဲလို့သာ မှတ်လိုက်ပေါ့. . . (မှန်ပါ)။

## ကာယဝိညာဏ်စိတ်

ကဲ. . . ဒါဖြင့် ကိုယ်စိတ်ကိုပြောမယ်၊ ကာယဝိညာဏ်စိတ်လို့ခေါ်တယ်၊ ကာယဝေဒနာလို့လည်းခေါ်တယ်၊ ကိုင်း-ဒါဖြင့် ခန္ဓာကိုယ်ကို ဒကာ ဒကာမတွေ ခုလိုဆောင်းတွင်းကျလာတော့ နေလေးပါးလေး လှုံကြတယ်၊ နေလှန်းကြတယ်ဆိုတာ အားလုံးပဲသိကြမှာပေါ့. . . (မှန်ပါ)။ ရှိကြတဲ့အခါ

ကျတော့ အဲ. . . နေမလှန်းခင်တုန်းကတော့ အအေးနဲ့ထိလို့ ကိုယ်ပေါ်မှာ ကာယဝိညာဏ်ဆိုတဲ့ ဒုက္ခဝေဒနာလေး မပေါ်ဘူးလား . . . (ပေါ်ပါတယ်ဘုရား)။

ဒကာ ဒကာမတွေက ကိုယ်ပေါ်မှာနဂိုကရှိနှင့်တာလား၊ အအေးနဲ့ထိလို့ ပေါ်လာတာလား . . . (အအေးနဲ့ထိလို့ ပေါ်လာတာပါဘုရား)။ အအေးနဲ့ထိလို့ပေါ်လာတာလေး၊ နေနဲ့ကိုယ်နဲ့ထိပြီး ကိုယ်ပေါ်မှာ ပူစိတ်မပေါ်လာဘူးလား . . . (ပေါ်လာပါတယ် ဘုရား)။

ဩော်. . . ဒါဖြင့် နေတည်းဟူသော အကြောင်းတရားတစ်ခု၊ ရုပ်ကိုယ်တည်းဟူသော အကြောင်းတရားတစ်ခု၊ နှစ်ခုသူတို့ဆက်သွယ်မိတာနဲ့ ကိုယ်ပေါ်မှာ အေးတဲ့စိတ်ကလေးလည်း ပေါ်ချင်ပေါ်လိမ့်မယ်. . . (မှန်ပါ)။

## နွေးတဲ့စိတ်

နေနဲ့တွေ့တဲ့အခါ ကိုယ်နဲ့နေနဲ့တွေ့ပြန်တော့ ကိုယ်ပေါ်မှာပဲ နွေးတဲ့စိတ်ကလေးတွေကော. . . (ပေါ်ပါတယ်ဘုရား)။

ဩော်. . . ဒါဖြင့် ကိုယ်စိတ်ကလေးနှစ်ခုဟာ ဒကာဒကာမတို့ အကြောင်းနှစ်ခုရှိတာပေါ့. . . (မှန်ပါ)။ ပြောပြီ ဒကာဒကာမတို့ အသေအချာချပြီး ဂဏန်းနဲ့ပြပြီ၊ ဒါ-ကိုယ်စိတ်ကလေး၊ ဒီကိုယ်စိတ်ကလေးဟာ ဟောဒါက ဒကာ ဒကာမ

တို့၏ ခန္ဓာကိုယ်တစ်ခုလုံးထားပါ၊ ဟောဒီအစိမ်းကလေးက (ဆရာတော်ကြီးခွက်ကလေးများပြသည်). . . (မှန်ပါ)။

## အေးတဲ့စိတ်

ဒီဘက်က လေပြည်လေညင်း ဆောင်းလေလေးထားပါ၊ ဆောင်းလေလေးနဲ့ ဟောဒီကိုယ်နဲ့သာ ကိုဝထိပစေ . . . (မှန်ပါ)။ ကိုယ်နဲ့နှင်းကလေးနဲ့ထိပစေ၊ ကိုယ်နဲ့နှင်းနဲ့ ထိပစေ. . . ဟောဒီ ကိုယ်ပေါ်မှာတဲ့ အေးတဲ့စိတ်ကလေး၊ အေးတဲ့ ဝိညာဏ် စိတ်ကလေးတစ်ခုတော့ ပေါ်ရမယ် (မှန်ပါ)။ မပေါ်ဘူးလား . . . (ပေါ်ပါတယ်ဘုရား)။

နေနဲ့ထိတော့ ဒီနေရာပူတဲ့ဝိညာဏ်စိတ်ကလေးကော . . . (ပေါ်ပါတယ်ဘုရား) ဒါဖြင့် သူသည် နဂိုကရှိနှင့်တာလား နှစ်ခုထိခိုက်လို့ပေါ်တာလား. . . (နှစ်ခုထိခိုက်လို့ပေါ်တာပါဘုရား)။

အေးတဲ့ဆီးနှင်းနဲ့ ဟောဒီ ဒကာ ဒကာမတို့ ခန္ဓာကိုယ်ကြီးနဲ့လည်းထိပြီဆိုမှဖြင့်၊ ဒီနေရာလေးမှာပဲ ပိုပြီးသကာလ အေးသိစိတ်ကလေးမပေါ်ဘူးလား. . . (ပေါ်ပါတယ်ဘုရား) နေနဲ့ ဒကာ ဒကာမတို့ ခန္ဓာကိုယ်နဲ့ ထိခိုက်ပြီဆိုမှဖြင့် နွေးတဲ့စိတ်ကလေးကော. . . (ပေါ်ပါတယ်ဘုရား)။

ဟောဒိနေရာလေးတော့ နွေးသွားပြီ၊ ဟိုနေရာလေး တော့ ကျန်သေးတယ် မလာလား. . . (လာပါတယ်ဘုရား) ဒါဖြင့် အေးတဲ့စိတ်၊ နွေးတဲ့စိတ်ကလေးတွေဟာ ဒကာ ဒကာမ တို့ အကြောင်းဘယ်နှစ်ခုကြောင့်ပေါ်တုံး . . . (အကြောင်း နှစ်ခုကြောင့် ပေါ်ပါတယ်ဘုရား)။

သြော်. . . စာလိုသုံးတော့ ဖောဋ္ဌဗ္ဗာရုံ၊ ဒကာ ဒကာမ တို့ သိလွယ်အောင်ပြောတဲ့အခါကျတော့ နေတို့၊ နှင်းတို့၊ လေတို့ အအေးနဲ့ကိုယ်နဲ့ထိလို့ခုမှပေါ်လာတဲ့ အသစ်စိတ် ကလေး . . , (မှန်ပါ)။ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ် ဘုရား)။

## အလိုလိုပေါ်သလား

ကောင်းပြီ ဒါဖြင့် ဒီစိတ်ကလေးသည် ဒကာ ဒကာမတို့ အလိုလိုပေါ်သလား၊ အကြောင်းနှစ်ကြောင့် ပေါ်သလား. . . (အကြောင်းနှစ်ခုကြောင့်ပေါ်ပါတယ်ဘုရား) အေးတဲ့စိတ် ကလေးကကော အကြောင်းဘယ်နှစ်ခုပါလိမ့်. . . (အကြောင်း နှစ်ခုပါဘုရား)။

ကိုယ်နဲ့နှင်းတို့ လေအေးတို့နဲ့ ထိလို့ပေါ့ဗျာ. . . (မှန်ပါ) နွေးတဲ့စိတ်ကလေးလည်း ကိုယ်နဲ့ နေပူနဲ့ ထိလို့ပေါ့ဗျာ. . . (မှန်ပါ) နွေးတဲ့စိတ်လေးမပေါ်ဘူးလား . . . (ပေါ်ပါတယ် ဘုရား)။

အဲ . . . အေးတဲ့စိတ်၊ နွေးတဲ့စိတ်ကလေးဟာ အကြောင်း နှစ်ခုပြုပြင်လို့ပေါ်လာတယ်လို့ မသိလိုက်ဘူးလား . . . (သိလိုက် ပါတယ်ဘုရား) အဲဒါ ကာယဝိညာဏ်စိတ်လို့ ခေါ်တာပဲ . . . (မှန်ပါ)။

ဒုက္ခသ ကာယဝိညာဏ်၊ သုခသ-ကာယဝိညာဏ်၊ ဝေဒနာလိုသုံးရင် ဒုက္ခဝေဒနာ၊ သုခဝေဒနာ အတူတူပဲ. . . (မှန်ပါ)။ သဘောကျကြပြီလား. . . (ကျပါတယ်ဘုရား)။

## ကိုယ်ပေါ်မှာပေါ်တဲ့စိတ်

အဲဒီကဲ့သို့ သိထားတော့၊ ဩော်. . . ဒို့ သန္တာန်မှာပေါ်တဲ့ ကိုယ်စိတ်ကလေးဟာ၊ ကိုယ်ပေါ်မှာပေါ်တဲ့ချမ်းသာစိတ် ပေါ်တဲ့ ကိုယ်ပေါ်မှာ ပေါ်တဲ့စိတ်ကလေးဟာ၊ အကြောင်းဘယ်နှစ်ခု ကြောင့် ပေါ်လာပါလိမ့်မတုံး. . . (အကြောင်းနှစ်ခုကြောင့်ပါ ဘုရား)။

အကြောင်းနှစ်ခုကြောင့်၊ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့အာရုံကြောင့်၊ ကိုယ်ဆိုတဲ့ အထည်ကြောင့် ဒီနှစ်ခုတိုက်လိုက်တဲ့အခါမှာ ဒီကိုယ်စိတ်ကလေးဟာ ပေါ်လာတာပဲ. . . (မှန်ပါ)။

ယားတဲ့စိတ်၊ ယံတဲ့စိတ်၊ နွေးတဲ့စိတ်၊ အေးတဲ့စိတ် မပေါ်ဘူးလား. . . (ပေါ်ပါတယ်ဘုရား) အဲ ဒါလေးဟာ အကြောင်းဘယ်နှစ်ခုကြောင့်ပါလိမ့်. . . (နှစ်ခုကြောင့်ပါဘုရား)။

ဒါကြောင့် ဘုရားက "ကာယဥ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ" ကွဲ၊ မဟောဘူးလား . . . (ဟော ပါတယ် ဘုရား) ဟောလိုက်တဲ့အခါကျတော့ ဒီစိတ်ကလေး ဟာ ဒကာ ဒကာမတို့ အခုတိုက်ဆိုင်လို့ ပေါ်လာတာပဲဆိုတာ သိရမယ်. . . (မှန်ပါ)။ မသိဘူးလား. . . (သိပါတယ်ဘုရား)။

အဲ. . . ဘယ့်နှယ်ကြောင့် ဖြစ်လာပါလိမ့်မလဲလို့ဆိုတဲ့ သံသယရှိသေးရဲ့လား. . . (မရှိပါဘူးဘုရား)။ ဒါဖြင့် သံသယ ဆိုတာ ဝိစိကိစ္ဆာ. . . (မှန်ပါ)။ ဝိစိကိစ္ဆာပြုတ်ပါပြီ. . . (ပြုတ်ပါပြီဘုရား)။

## အကြောင်းနှစ်ခုတိုက်ဆိုင်လို့

ပြုတ်ပြီ ဒကာ ဒကာမတို့ အကြောင်းနှစ်ခုတိုက်ဆိုင်လို့ ပေါ်လာတဲ့စိတ်ကလေးပဲ. . . (မှန်ပါ)။ ဘယ့်နှယ်ကြောင့် ပေါ်လာပါလိမ့်မလဲဆိုတဲ့ သံသယရှိသေးရဲ့လား. . . (မရှိပါဘူး ဘုရား)။

အဲဒါဘုန်းကြီးက ဖြေဖျောက်ပေးလိုက်တဲ့အတွက်၊ ဒကာ ဒကာမတို့ ကိုယ်ပေါ်စိတ်ဟူသ၍၊ အကြောင်းနှစ်ခုတိုက်တာ ချည့်ပဲ၊ အပူနဲ့သော်လည်းကောင်း၊ အအေးနဲ့သော်လည်း ကောင်း၊ အမာနဲ့သော်လည်းကောင်း တိုက်ရမယ်. . . (မှန်ပါ)။

အမာနဲ့ ကိုယ်နဲ့တိုက်တဲ့အခါကျလို့ရှိရင်ဖြင့် ဒီမှာ နာတဲ့ ဒုက္ခဝေဒနာပေါ်မှာပဲ. . . (မှန်ပါ)။ ဒုက္ခစိတ်ပေါ်မှာပဲ. . . (မှန်ပါ)။ မပေါ်ပေဘူးလား. . . (ပေါ်ပါတယ်ဘုရား)။

အဲဒီတော့ကိုး စာလိုသုံးတော့ ဖောဋ္ဌဗ္ဗာရုံလို့ သုံးထားလိုက်တော့ ဖောဋ္ဌဗ္ဗာရုံနဲ့ ကိုယ်နဲ့တိုက်တာပါပဲ။ မီးခြစ်ဆံနဲ့ မီးခြစ်ဘူးနဲ့ တိုက်ရင်မီးပွင့်ပေါ်သလို. . . (မှန်ပါ)။ ကိုယ်နဲ့ အပူနဲ့ တိုက်ရင် အပူသိတဲ့ စိတ်ကလေး မပေါ်လာဘူးလား. . . (ပေါ်လာပါတယ်ဘုရား)။

ပူတဲ့စိတ်ကလေးပေါ်လာတယ်နော်. . . (မှန်ပါ)။ အအေးနဲ့တိုက်ရင်. . . (အအေးစိတ်ကလေးပေါ်လာပါတယ်ဘုရား)။ အကြမ်းနဲ့ကိုယ်နဲ့ထိသွားမယ်ဆိုလို့ရှိရင်လည်း နာစိတ်ကလေး . . . (မှန်ပါ)။

အနုနဲ့တိုက်မယ်ဆိုရင်လည်း ယားစိတ်ကလေး မလာဘူးလား. . . (လာပါတယ်ဘုရား)။ ကိုယ်ပေါ်မှာဖြင့် မပေါ်ဘူးလား. . . (ပေါ်ပါတယ်ဘုရား)။ အကြောင်းဘယ်နှစ်ခုပါလိမ့် . . . (နှစ်ခုပါဘုရား)။

အဲဒီလို အကြောင်းနှစ်ခုကြောင့် ပေါ်လာတာကို ဒကာဒကာမတွေက သိထားတော့မှ၊ ဩော်. . . ဒါ ကာယဝိညာဏ်စိတ်ကလေးပါလား. . . (မှန်ပါ)။ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

အဲဒီ ကာယဝိညာဏ်စိတ်ကလေးပေါ်တာကို သိတော့မှ၊ သူ့အသက်တမ်းကိုကြည့်လိုက်စမ်းပါလို့ မောင်နိုင်တို့ မေးလိုက်တယ်. . . (တစ်နဲ့နှစ်ပါဘုရား)။ တစ်နဲ့နှစ်ဆိုတော့ ကြော်. . . သူသည် ဖြစ်ပြီးပျက်ရမယ့် အနိစ္စတရားလေးပဲဆို ပျက်မသွားဘူးလား . . . (ပျက်သွားပါတယ်ဘုရား)။

## ခိုင်တယ်မြဲတယ်မထင်ရင်ဒိဋ္ဌိပြုတ်တယ်

အဲ. . . ပျက်သွားတော့ ခိုင်တယ်၊ မြဲတယ်လို့ ထင်သေးရဲ့လား. . (မထင်ပါဘုရား)။ ခိုင်တယ်၊ မြဲတယ်မထင်တော့ ဒိဋ္ဌိပြုတ်တယ်. . . (မှန်ပါ)။

အကြောင်းနှစ်ခုကြောင့် ဖြစ်တယ်လို့သိတော့ . . . (ဝိစိကိစ္ဆာပြုတ်ပါတယ်ဘုရား) ခိုင်တာမြဲတာ မဟုတ်တာလေးတွေ သိသွားတော့ . . . (ဒိဋ္ဌိပြုတ်ပါတယ်ဘုရား) အကြောင်းနှစ်ခုကြောင့် ဖြစ်တယ်လို့သိတော့. . . (ဝိစိကိစ္ဆာပြုတ်ပါတယ်ဘုရား)။

ကိုင်း. . . ဒကာ ဒကာမတို့ ဒါအသိနဲ့ဖြုတ်ပါတယ်. . . (မှန်ပါ)။ အကြောင်းနှစ်ခုကြောင့် ဖြစ်တယ်လို့သိတော့. . . (ဝိစိကိစ္ဆာစင်ပါတယ်ဘုရား)။ အဲ. . . ဒါလေးဟာ အခုပေါ်ပြီး အခုပျောက်တာပဲလို့ ဉာဏ်နဲ့ကြည့်လိုက်တဲ့အခါ ပေါ်ပြီး ပျောက်သွားတယ်. . . (မှန်ပါ)။

## အငယ်သောတာပန်ဖြစ်ပြီ

ဒီလိုပျောက်သွားတာလေး ကြည့်လိုက်ပြန်တော့လည်း . . . (ဒိဋ္ဌိပြုတ်ပါတယ်ဘုရား)။ ငါလည်းမဟုတ်၊ ငါ့ဥစ္စာလည်း မဟုတ်လို့ ပြုတ်တာ၊ ပျောက်ပျက်တာပဲလို့ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

အဲဒီ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာပြုတ်သောကြောင့် ဒီအချိန်ကစပြီး ခင်ဗျားတို့ အငယ်သောတာပန်ဖြစ်ပြီ. . . (မှန်ပါ)။ ဒီအချိန်က စပြီးတော့ ဘာတုံး. . . (အငယ်သောတာပန်ပါဘုရား)။ အငယ် သောတာပန်ဖြစ်ပြီတဲ့ ဒကာ ဒကာမတို့. . . ။

## တစ်ဘဝအပါယ်မကျတော့ဘူး

အပါယ်တစ်ဘဝ သေချာပြီ မကျဘူး. . . (မှန်ပါ)။ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာဝမ်းထဲမှာ ဒိဋ္ဌာနုသယ၊ ဝိစိကိစ္ဆာနုသယ ဝမ်းထဲမှာ ရှိသေးရဲ့လား. . . (မရှိပါဘူးဘုရား)။ မရှိတော့ဘူး၊ မရှိတော့ ဘူး။

ဒါကြောင့် တရားမနာဘဲနဲ့ သောတာပန်တည်ချင် လို့တော့ ကိုဝ ဖြစ်ကိုမဖြစ်ဘူး . . . (မဖြစ်ပါဘူးဘုရား)။ ကျေနပ်ကြပြီလား . . . (ကျေနပ်ပါတယ်ဘုရား)။

ကြပ်ကြပ်စဉ်းစားပြီး သကာလ၊ ဩော်. . . ဒို့ဖြင့်ဟာ ဒီနှစ်ခုတိုက်လို့ ပေါ်လာတာသိရင်၊ အကြောင်းနှစ်ခုသိလိုက်

သဖြင့် ဘယ့်နှယ့်ကြောင့်ပါလိမ့်မတုံးဆိုတဲ့ ကိုယ့် ဝိစိကိစ္ဆာ သံသယဟာပြုတ်ထွက်သွားတယ်. . . (မှန်ပါ)။

ဒါလေးဟာ ပေါ်လာပြီးသကာလ၊ ဩော် . . . အကြောင်း နှစ်ခုကြောင့် ဖြစ်ပြီးသကာလ အကြောင်းနှစ်ခုက ရုပ်သိမ်းလိုက်ပြီဆိုမှဖြင့်၊ အကျိုးဖြစ်တဲ့ ဝိညာဏ်လေးကလည်း ပျက်ရတော့တာပဲ. . . (မှန်ပါ)။

ဒီလိုသိသွားတော့မှ ဒကာ ဒကာမတွေ ကိုယ်ပေါ်မှာ ဖြစ်ပျက်ဆိုတာ ပေါ်လာတယ်. . . (ပေါ်လာပါတယ်ဘုရား)။ ဖြစ်လည်း မဖြစ်ဘူးလား. . . (ဖြစ်ပါတယ်ဘုရား)။ အကြောင်း နှစ်ခုကြောင့် ဖြစ်လာတယ်. . . (မှန်ပါ)။

တော်တော်ကြာကျလို့ရှိရင် သူ့အသက်တမ်းစေ့တော့၊ သူ့အကြောင်းနှစ်ခုကလည်း ရုပ်သိမ်းပါရော ကို၀ ဘယ့်နှယ် ဖြစ်သွားတုံး. . . (ချုပ်ပျောက်သွားပါတယ်ဘုရား)။ ချုပ်ပျောက် သွားတယ်. . . (မှန်ပါ)။ သဘောကျပြီလား. . . (ကျပါတယ် ဘုရား)။ ဦးခန့်တို့ ကျေနပ်ပြီလား. . . (ကျေနပ်ပါတယ်ဘုရား)။

## ဖြစ်ပျက်မြင်ရင်ဒိဋ္ဌိသေတယ်

ဒါဖြင့် ဖြစ်ပျက်မြင်ရင် ဒိဋ္ဌိသေတယ်. . . (မှန်ပါ)။ ဖြစ်ပေါ် လာခြင်း၏အကြောင်းနှစ်ခုကြောင့် ဖြစ်ပေါ်လာတယ်လို့သိရင် . . . (ဝိစိကိစ္ဆာသေပါတယ်ဘုရား)။

ဒီလို သေပြီးသကာလ၊ ဒကာ ဒကာမတွေ ဒီလိုအသိနဲ့ သေပြီးသကာလ၊ အားထုတ်ပြီးသကာလနေတဲ့အခါကျတော့၊ အင်း. . . ဒီဟာလေးဖြစ်ပျက်တွေမြင်လို့၊ အင်း. . . ဖြစ်ပျက်တွေ မုန်းလို့၊ ဖြစ်ပျက်တွေ ဆုံးသွားပြီဘုရား၊ ဒီဝိညာဏ်လေး တပည့်တော် ဝေဒနာလေးရှုရှု၊ ဝိညာဏ်လေးရှုရှု၊ သူ့စိတ်ရှုရှု ရှုနေလိုက်တာ ဆုံးသွားပြီဘုရားဆိုလို့ရှိရင်ဖြင့်၊ အဲ့ဒါက အပွားဘာဝနာမယဉာဏ်နဲ့ ပြုတ်တာ. . . (မှန်ပါ)။

## သောတာပန်တည်ရင်နှစ်ခုသာပြုတ်တယ်

အဲဒီကျတော့ တကယ့်သောတာပန်တည်ပါပြီ. . . (မှန်ပါ)။ အပါယ်လေးပါးကျစရာရှိသေးရဲ့လား. . . (မရှိပါဘူးဘုရား)။ ဒို့ဒီပုဂ္ဂိုလ်မှာ ဒါနှစ်ခုသာပြုတ်သွားတယ် ကျန်တဲ့ လောဘ၊ ဒေါသ၊ မောဟတွေမရှိဘူးလား၊ မာနတွေမရှိဘူးလား မေးရင်ဘယ့်နှယ်ဖြေမလဲ. . . (ရှိပါတယ်ဘုရား)။

သူတို့က အပါယ်မချဘူး ဒကာ ဒကာမတို့ရဲ့ စိတ်သာချ . . . (မှန်ပါ)။ ဒီနှစ်ခုက မူတည်ပြီး အပါယ်ချနေတာ. . . (မှန်ပါ)။ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

## အကုသိုလ်ဖြစ်ခြင်းအကြောင်း

ဒီနှစ်ခုက မူတည်ပြီး အပါယ်ချနေတာ၊ အလုံးစုံသော အကုသိုလ်တို့၏ ဖြစ်ခြင်း အကြောင်းမှာ ဒိဋ္ဌိဝိစိကိစ္ဆာကချည့် လာတာလို့မှတ်လိုက်စမ်းပါ. . . (မှန်ပါ)။

အလုံးစုံသော လောဘ၊ ဒေါသ၊ မောဟ၊ မာနတွေ လာတဲ့ ဥစ္စာမှာ မောင်နိုင်ဘယ်သူ့ကြောင့်ပါလိမ့် . . . (ဒိဋ္ဌိ ဝိစိကိစ္ဆာပါ ဘုရား)။ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာနှစ်ခု မူတည်ပြီးသူတို့ နှစ်ခုကြောင့် ဖြစ်ရတာ . . (မှန်ပါ)။

လူပုဂ္ဂိုလ်ပေါ်၌ဆိုလို့ရှိရင် ဒါဒိဋ္ဌိပေါ့ဗျာ. . . (မှန်ပါ)။ လူပုဂ္ဂိုလ်ပေါ်၌ဆိုတာ ဒိဋ္ဌိက မလာဘူးလား. . . (လာပါတယ် ဘုရား)။ ဒါကြောင့် မကျေနပ်ဘူးဆိုတော့ ဒေါသ ဟော. . . ဒိဋ္ဌိကလာတဲ့ဒေါသ. . . (မှန်ပါ)။ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

လူပုဂ္ဂိုလ်ပေါ်၌ဆိုတာက ဒိဋ္ဌိလေ၊ လူပုဂ္ဂိုလ်ဆိုတာ ပုဂ္ဂိုလ်မှ မရှိဘဲနဲ့ ပုဂ္ဂိုလ်ထင်လိုက်တော့ သူဒိဋ္ဌိဖြစ်မနေဘူးလား . . . (ဖြစ်နေပါတယ်ဘုရား)။

## ဒိဋ္ဌိကချည်းစတယ်

ဒါကြောင့် သူ့အပေါ်၌လည်းဘုရား၊ ကျုပ်က ကျော်ကို မကျေနပ်ဘူးဆိုတော့ မကျေနပ်တာဒေါသ . . . (မှန်ပါ)။

သူ့ဆီက ပစ္စည်းဆိုတော့ ဘာဆိုကြမတုံး. . . (ဒိဋ္ဌိပါဘုရား)။ လိုချင်တယ်ဘုရားဆိုတော့. . . (လောဘ)။ သူကချည့်စစနေတယ်. . . (မှန်ပါ)။

ဒိဋ္ဌိကချည့်မစဘူးလား. . . (စပါတယ်ဘုရား)။ ကျေနပ်ကြရဲ့လား. . . (ကျေနပ်ပါတယ်ဘုရား)။ ဒါဖြင့် ငရဲမျိုးစေ့ ဖြုတ်လိုက်လို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ ငရဲမျိုးစေ့ဟာ ကျုပ်တို့ ဝမ်းထဲမှာ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ. . . (မှန်ပါ)။

ဒါကို ဆရာဘုန်းကြီးက ယနေ့သတ်ပေးလိုက်တဲ့အတွက်၊ ငရဲမျိုးစေ့ ပြုတ်သွားတော့ ဒီခန္ဓာကိုယ်ကြီးဟာ ငရဲသွားပြီး ခန္ဓာပင်ပေါက်စရာရှိသေးရဲ့လား. . . (မရှိပါဘူးဘုရား)။ သဘောကျရဲ့လား. . . (ကျပါတယ်ဘုရား)။

ငရဲမျိုးစေ့ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာဆိုတာ ကိုဝ ကောင်းကောင်း ကျေနပ်ပြီလား. . . (ကျေနပ်ပါတယ်ဘုရား) ကိုမြင့်တို့ကော . . . (ကျေနပ်ပါတယ်ဘုရား)။

အဲဒါကြောင့် တရားလေးတစ်ခု ခင်ဗျားတို့ပေါ်လာလို့ရှိရင်ဖြင့်၊ ဩော်. . . ဒီအကြောင်းကြောင့်ဖြစ်ပေါ်လာတာပဲ၊ အင်း သူသည် ဖြစ်ပေါ်ပြီးသကာလ သူ့အသက်တမ်းစေ့လို့ ပျက်ရတဲ့ ဖြစ်ပြီးပျက်ရတဲ့ သဘောလေးဟာလည်း ငါမဟုတ်လို့ ပျက်တာပဲ လို့ ပြန်ပြီး နိဂုံးချုပ်လိုက်. . . (မှန်ပါ)။

## ငါမပိုင်ဆိုင်လို့ ပျက်စီးတာ

ပေါ်လာတာက အကြောင်းနှစ်ခု၊ ငါမပိုင် ငါမဆိုင်လို့ ပျက်စီးတာပဲလို့ ပြန်ပြီးကြည့်လိုက်တဲ့အခါကျတော့ ဒိဋ္ဌိရော၊ ဝိစိကိစ္ဆာရောသေသွားတယ်. . . (မှန်ပါ)။ မသေဘူးလား. . . (သေပါတယ်ဘုရား)။

အဲဒီလိုသေအောင် ဒကာ ဒကာမတွေက ခန္ဓာကိုယ်ဟိုနေရာက ယားတယ်၊ အင်း ဒါလေးလည်း ဖြစ်ပြီးပျက်တာပဲလို့ ရှုပါ. . . (မှန်ပါ)။ ဒီအကြောင်းနှစ်ခုကြောင့် ပေါ်တာသိပြီးသား သူက၊ အကြောင်းနှစ်ခုကြောင့်ပေါ်တယ်လို့ လုပ်မနေနဲ့တော့ . . . (မှန်ပါ)။ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

## ဒါလေးသိသိနေပါ

အင်း. . . ဒါလေးဟာ ငါမဟုတ်လို့ ပျက်တယ်လို့လည်း လုပ်မနေနဲ့တော့. . . (မှန်ပါ)။ ခုဟာသိအောင်ဟောထားပြီးပြီပဲ . . . (မှန်ပါ)။ ဟိုကျတော့ ဩော်. . . ဒါလေးဟာ ပေါ်လာပြန်ပြီ၊ ပျက်သွားပြန်ပြီ၊ ပေါ်လာပြီပျက်သွားပြီ ခန္ဓာကိုယ်ပေါ်မှာ လှည့်သာကြည့်နေ . . . (မှန်ပါ)။

ဟိုကျတော့ အခုရှင်းထားတာတွေကို ကိုဝတို့ ကိုမြင့်တို့က မောင်နိုင်တို့က မစွန့်နဲ့. . . (မှန်ပါ)။ နဂိုက ရှင်းပြီးသားကိုကွ . . . (မှန်ပါ)။ ပျက်သင့်လို့ ပျက်တယ်ဆိုတာ သိပြီးသားမနေဘူးလား. . . (သိပါတယ်ဘုရား)။

## ဖြစ်ပြီးပျက်ပြန်ပြီလို့သာရှုနေ

အဲဒီလိုသိနေတဲ့ ပုဂ္ဂိုလ်ဟာ ရှုတဲ့နေရာကျတော့ ဖြစ်ပြီး ပျက်ပြန်ပြီ၊ ဖြစ်ပြီးပျက်ပြန်ပြီ၊ ဖြစ်ပြီးပျက်ပြန်ပြီလို့သာ ဒီလိုသာ ရှုနေ. . . (မှန်ပါ)။

ဘယ့်နှယ့်ကြောင့် ဖြစ်သတုံးလို့ မလာနဲ့၊ ဒီအကြောင်းနှစ်ခုကြောင့် ဖြစ်တာ ဘုန်းကြီးဟောလို့ သိပြီ၊ ဘုန်းကြီးက တာဝန်ယူသွားပြီ. . . (မှန်ပါ)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒီလိုသိအောင် ဟောဆိုလို့ ဒီလိုသိအောင် ဟောထားတဲ့အတွက် ခင်ဗျားတို့က ဒါမလိုက်နဲ့တော့၊ ရှိပြီးသားလည်း မပျောက်စေနဲ့. . . (မှန်ပါ)။ ရှင်းကြပြီလား. . . (ရှင်းပါပြီဘုရား)။

## ငါမဟုတ်လို့ဆိုတာ ရှုမနေနဲ့တော့

ပျက်တဲ့အခါကျတော့ ပျက်တဲ့အခါရှုပြီး၊ ပျက်သွားတာလေးဟာ ဉာဏ်အောက်မှာပဲ ဉာဏ်နဲ့ကြည့်နေရင်းပဲ

ဖြစ်ပြီးပျက်သွားတာတွေ မြင်လိုက်ပြန်တော့၊ ဩော် ... ငါမဟုတ်လို့ ပျက်တာပဲဆိုတာကိုလည်း ရှုမနေနဲ့တော့... (မှန်ပါ)။

ငါမဟုတ်လို့ ပျက်တာပဲဆိုတာ နဂိုက ဘုန်းကြီးက ဟောထားလို့ သိနေပြီပေါ့ဗျာ... (မှန်ပါ)။ သိနေတော့ ဒါတွေလည်း လုပ်မနေနဲ့တော့... (မှန်ပါ)။

## ပါးစပ်ကအသံမထွက်စေနဲ့

ကိုယ်ရှုတဲ့အချိန်ကျတော့ ဩော်... ဒါ အနိစ္စ သဘောလေး၊ ဖြစ်ပြီးပျက်တဲ့ အနိစ္စသဘောလေး၊ ဖြစ်ပြီး ပျက်တဲ့ အနိစ္စပဲဆိုပြီး ဉာဏ်နဲ့သာကြည့်နေ၊ ပါးစပ်ကတောင် အသံမထွက်စေပါနဲ့တော့... (မှန်ပါ)။ သဘောကျရဲ့လား ... (ကျပါတယ် ဘုရား)။

ဒီရှုနေတဲ့ပုဂ္ဂိုလ်မှာတဲ့ ဒိဋ္ဌိဖြုတ်ပြီးသား သူရှုနေတာ ... (မှန်ပါ)။ ဝိစိကိစ္ဆာ... (ဖြုတ်ပြီးသား သူရှုနေတာပါ ဘုရား)။ အဲ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ ဖြုတ်ပြီးသား ရှုသောကြောင့်၊ ဒကာ ဒကာမတို့ မကြာခင်တဲ့ သူအနိစ္စကို မြင်နေတဲ့ပုဂ္ဂိုလ်ဖြင့်၊ ဘယ်အခါမဆို မကြာခင်သစ္စာလေးပါးသိတဲ့ မဂ်ဉာဏ် သေချာဖြစ်ပေါ်ရမယ်တဲ့ ... (မှန်ပါ)။

ဒါ ဆရာဘုန်းကြီးကိုယ်တိုင် နှစ်ချက်နော်. . . (မှန်ပါ)။ ဝိစိကိစ္ဆာဖြုတ်ပေးတာကော. . . (တစ်ချက်ပါဘုရား) ဒိဋ္ဌိဖြုတ်ပေးတာကော. . . (တစ်ချက်ပါဘုရား)။

## ဝိစိကိစ္ဆာဖြုတ်ပေးတာ

ဝိစိကိစ္ဆာဖြုတ်ပေးတာကတော့ ကိုယ်ပေါ်မှာ ဘာပဲ ပေါ်ပေါ် ဒီအကြောင်းနှစ်ခုပဲရှိရမယ် . . . (မှန်ပါ)။ ဒီ အကြောင်း နှစ်ခုမရှိဘဲနဲ့တော့ ကိုယ်စိတ်ပေါ်နိုင်ပါ့မလား . . . (မပေါ်နိုင်ပါဘူးဘုရား)။ ဒီလိုသိထားတော့ ဘာပြုတ်တုံး . . . (ဝိစိကိစ္ဆာပြုတ်ပါတယ်ဘုရား)။

အင်း. . . ဒီအကြောင်းနှစ်ခုကြောင့် ဖြစ်တာသိတော့ ဝိစိကိစ္ဆာပြုတ်တယ်၊ ဒီအကြောင်းနှစ်ခု ရုပ်သိမ်းလိုက်လို့ရှိရင် ဒါ မပျက်ပါနဲ့ဆိုလို့ . . . (မရပါဘူးဘုရား)။

## ဒိဋ္ဌိဖြုတ်ပေးတာ

မရတော့သူဟာ ဖြစ်ပြီးပျက်ရမယ့်တရားမို့ ပျက်တာပဲလို့ မသိပေဘူးလား. . . (သိပါတယ်ဘုရား)။ သိသွားလို့ရှိရင် ဘာပြုတ်သတုံး . . . (ဒိဋ္ဌိပြုတ်ပါတယ်ဘုရား)။

အဲဒီလို ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကို ဆရာသမားနဲ့ ဖြုတ်ပြီးမှ ခင်ဗျားတို့ ရှုမယ်ဆိုလို့ရှိရင်ဖြင့်တဲ့ ဘုရားက သူတာဝန်ခံတယ်၊

ဒီပုဂ္ဂိုလ်ဟာဟော့တဲ့ သေသေချာချာ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန် ရမယ့်ပုဂ္ဂိုလ်. . . (မှန်ပါ)။ ပြုတ်ပြီးသားရှုတဲ့ပုဂ္ဂိုလ် . . . (မှန်ပါ)။ သဘောကျရဲ့လား. . . (ကျပါတယ်ဘုရား)။

## ဘာပါရမီမှ မစောင့်ကြနဲ့တော့

အားငယ်စရာများ ပါကြရဲ့လား . . . (မပါပါဘူး ဘုရား) အဲ့ဒါကြောင့် ဆရာကောင်းကောင်းနဲ့ ခင်ဗျားတို့ ခုလို ဖြုတ်ဖြုတ်ပေးတဲ့ ဆရာနဲ့ တွေ့ပြီး ရှုမယ်ဆိုလို့ရှိရင်ဖြင့်၊ ဘာပါရမီမှ မစောင့်ကြနဲ့နော် . . . (မှန်ပါ့) သဘောကျပြီလား . . . (ကျပါတယ်ဘုရား)

ကိုဝ ဘာစောင့်စရာလိုသေးသတုံး. . . (မလိုပါဘူး ဘုရား) ဘယ်ပါရမီမှ မစောင့်ပါနဲ့. . . (မှန်ပါ)။ ဘယ်ပါရမီမှ မစောင့်ပါနဲ့ တဲ့ ခင်ဗျားတို့ပွားများမှုအလုပ်က ခင်ဗျားတို့၏ ပါရမီဖြည့်နေတဲ့ အလုပ်လို့ မှတ်လိုက်ရင်ပြီးတာပဲ. . . (မှန်ပါ)။ သဘောကျရဲ့လား . . . (ကျပါတယ်ဘုရား)။

## ဒိဋ္ဌိမပြုတ်ရင်သဿတဒိဋ္ဌိ

ကဲ ဒါဖြင့် ခုတော့ဒိဋ္ဌိကပြုတ်သွားပြီနော်. . . (မှန်ပါ)။ အကယ်၍ အခုပြောတဲ့အတိုင်း၊ ဖြစ်ပြီးပျက်တာလေးကို ဒကာ

ဒကာမတွေက သံသယရှိနေကြမယ်၊ ဒါလေးဟာ ခိုင်တယ် မြဲတယ် ထင်နေကြမယ်ဆိုရင်၊ ဒိဋ္ဌိပြုတ်ပါ့မလား . . . (မပြုတ်ပါ ဘုရား)။ ဝိစိကိစ္ဆာကော . . . (မပြုတ်ပါဘူးဘုရား)။

အဲဒီလို မပြုတ်တဲ့ပုဂ္ဂိုလ်ကျတော့ကိုတဲ့ ဘာဖြစ်သတုံးလို့ မေးတဲ့အခါကျတော့၊ ဒကာ ဒကာမတို့ သဿတဒိဋ္ဌိဖြစ်တယ်. . . (မှန်ပါ)။ ဒီတရားလေး၏ ဖြစ်ပြီးပျက်တာ မမြင်တဲ့ပုဂ္ဂိုလ် ဘာဒိဋ္ဌိ ဖြစ်တုံး . . . (သဿတဒိဋ္ဌိဖြစ်ပါတယ် ဘုရား)။

## ကိုယ်ဝိညာဏ်

သဿတဒိဋ္ဌိဖြစ်တယ်၊ ဒါ ဝိညာဏ်နော်. . . (မှန်ပါ)။ ကာယဝိညာဏ်၊ ကိုယ်ပေါ်မှာပေါ်တဲ့ ဝိညာဏ် မောင်နိုင်. . . (မှန်ပါ)။ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

**"ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ"** . . . (မှန်ပါ)။ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။ ကိုယ်နဲ့နေပူလေပူနဲ့ထိတော့ ကိုယ်စိတ်ကလေးမပေါ်ဘူးလား . . . (ပေါ်ပါတယ်ဘုရား)။ အဲဒါ ကိုယ်ဝိညာဏ်လို့ဆိုရင် လွဲပါ့မလား. . . (မလွဲပါဘူးဘုရား)။

## ဝိညာဏ်ချုပ်သွားပြီဆိုရင်

အဲတော့ ဒကာဒကာမတွေမှာတဲ့၊ ဗုဒ္ဓဘာသာမှန်လို့ ရှိရင် ဘုန်းကြီးက သတိပေးချင်တာက၊ ဝိညာဏ်ချုပ်သွားပြီ လို့ဆိုရင် တည့်တယ် . . . (မှန်ပါ့) ဝိညာဏ်လေးပြောင်း သွားပြီလို့ဆိုရင် မတည့်ဘူး . . . (မှန်ပါ့)။

## ဝိညာဏ်ပြောင်းသွားပြီဆိုရင်

ဝိညာဏ်ချုပ်သွားပြီဆိုရင် . . . (တည့်ပါတယ်ဘုရား)။ ဩော် . . . သူသည်ကားလို့ဆိုရင်ဖြင့် ခန္ဓာပြောင်းသွားပြီ ဆိုလို့ရှိရင် . . . (မတည့်ပါဘူးဘုရား) မတည့်ဘူး၊ အသက် ထွက်သွားပြီဆိုရင်ကော . . . (မတည့်ပါဘူးဘုရား)။

## အသက်ဆိုတာ ဒီဝိညာဏ်ကိုခေါ်တာ

အသက်ဆိုတာ ဒီဝိညာဏ်ကို ခေါ်တာပဲ . . . (မှန်ပါ့) ဒါလေးဟာ ထွက်သွားတယ်လို့ ယူလိုက်လို့ရှိရင်ဖြင့် ဒီခန္ဓာကြီး ဒါက ကိုယ်ခန္ဓာ၊ ဒီကိုယ့်ခန္ဓာထဲကနေပြီး ထွက်ပြီးသကာလ နတ်သမီးသွားဖြစ်တယ်၊ နတ်သားသွားဖြစ်တယ်ဆိုရင် သဿတဒိဋ္ဌိ . . . (မှန်ပါ)။

ဖြစ်ပျက်ကို မမြင်ဘူး. . . (မှန်ပါ)။ မြင်သေးရဲ့လား . . . (မမြင်ပါဘူးဘုရား)။ ဒါဖြင့် ဒီနယ်မှာလည်း အသုံးကျ

ဟိုဘက် နယ်မှာလည်း အသုံးကျ၊ အသက်ထွက်သွားပြီ . . . (မှန်ပါ)။ ဟုတ်လား ဝိညာဉ်လေးထွက်သွားပြီ မောင်နိုင် မသုံး ကြဘူးလား . . . (သုံးပါတယ်ဘုရား)။

ဘာဒိဋ္ဌိဆိုကြမတုံး. . . (သဿတဒိဋ္ဌိပါဘုရား)။ အဲဒါ ဘယ့်နှယ့်ကြောင့် သဿတဒိဋ္ဌိဖြစ်ရပါလိမ့်မတုံးဆိုတော့၊ ဒီခန္ဓာကြီးသာ မြွေလိုအရေလဲသွားတဲ့ သဘောရောက်တယ် . . . (မှန်ပါ)။

အရေက ကျန်ရစ်တယ်၊ မြွေက အပြင်ဘက်ထွက်သွား တယ်. . . (မှန်ပါ)။ သဘောကျပြီလား. . . (ကျပါတယ် ဘုရား)။ အဲတော့ မြွေသေဟုတ်သေးရဲ့လား. . . (မဟုတ် ပါဘူးဘုရား)။ မဟုတ်ဘူးတဲ့ အရေလဲတယ်. . . (မှန်ပါ)။ တချို့သုံးတယ်၊ မသုံး ကြဘူးလား . . . (သုံးပါတယ်ဘုရား)။

အဲဒါ ဘာဒိဋ္ဌိဆိုကြမတုံး. . . (သဿတဒိဋ္ဌိပါဘုရား)။ အဲမြွေ အရေခွံလဲသလို လဲတယ်လို့ ယူလို့ရှိရင် ကိုဝ ဘယ့်နှယ် ဆိုကြမတုံး. . . (သဿတဒိဋ္ဌိပါဘုရား)။

## ဗုဒ္ဓဘာသာမှာဒီအယူများတယ်

မြွေမှ မသေပဲကိုးဗျ. . . (မှန်ပါ)။ အရေခြောက်ကြီး သာ ဒီထားပစ်ခဲ့တယ်. . . (မှန်ပါ)။ ကိုင်း . . . ဒါဖြင့် ဒကာ ဒကာမတို့ ဗုဒ္ဓဘာသာမှာ အသက်ထွက်သွားပြီဆိုတဲ့ အယူ တော်တော်များတယ်. . . (များပါတယ်ဘုရား)။

## ဝိညာဏ်ကလေးထွက်သွားပြီ

ဟောဒီ-ဝိညာဏ်လေး၊ ကာယဝိညာဏ်လေး ထွက်သွားပြီ၊ မနောဝိညာဏ်လေးထွက်သွားပြီ ဒီလိုမယူဘူးလား . . . (ယူပါတယ်ဘုရား)။ ထွက်သွားတယ်ဆိုတော့ ဒီနေရာဖြစ်ပြီး ဒီနေရာ ပျက်တဲ့ဥစ္စာထွက်သွားပြီလို့ သူယူလိုက်သဖြင့် သူမသေဘူးပေါ့ . . . (မှန်ပါ)။

## ဘုရားအဆူဆူချွတ်လည်းမရတော့ဘူး

ဘာဒိဋ္ဌိတုံး. . . (သဿတဒိဋ္ဌိပါဘုရား)။ အဲဒီလို သဿတဒိဋ္ဌိတွေ ရှိနေလို့ရှိရင် ဘုရားအဆူဆူချွတ်လည်း မရတော့ဘူး. . . (မှန်ပါ)။ ဒီပုဂ္ဂိုလ်သေရင် အပါယ်မှတစ်ပါးလည်း ဘယ်မှမသွားဘူးတဲ့. . . (မှန်ပါ)။ သဘောကျကြပြီလား . . . (ကျပါတယ်ဘုရား)။

## ဖြစ်ပျက်မြင်မှလွတ်မယ်

ဒါဖြင့် ဒကာ ဒကာမတို့ ဒါလေးဖြစ်ပျက်မြင်မှသာလျှင် သဿတလွတ်မယ်မဟုတ်လား. . . (မှန်ပါ)။ သက္ကာယကော . . . (လွတ်မှာပါဘုရား)။ ဥစ္ဆေဒကော. . . (လွတ်မှာပါဘုရား)။ သဘောကျကြပြီလား. . . (ကျပါတယ်ဘုရား)။

ဩော် . . . တော်တော်အရေးကြီးလို့ ပြောနေတာ ပါလားဆိုတာ၊ ဒကာ ဒကာမတို့ အင်မတန် နားကြီးကြီးနဲ့ ဆိုလို့ရှိရင်ဖြင့်၊ အတော်အရေးကြီးတဲ့အချက်ပါလားဆိုတာ ကိုဝပေါ်လာတယ် . . . (ပေါ်လာပါတယ်ဘုရား)။ မပေါ် ဘူးလား. . . (ပေါ်လာပါ တယ်ဘုရား)။

ခင်ဗျားတို့ ဒီဆရာဘုန်းကြီးနဲ့ မတွေ့ဘူးဆိုလို့ရှိရင် ခင်ဗျားတို့ အသက်ထွက်တဲ့ဂိုဏ်းကလာရမယ်. . . (မှန်ပါ)။ ဘယ်ဂိုဏ်းထဲကထင်ကြတုံး. . . (အသက်ထွက်တဲ့ဂိုဏ်းထဲကပါ ဘုရား)။

## ရုပ်ခန္ဓာထားပြီး နာမ်ဝိညာဏ်ကထွက်သွားတယ်

ကဲ. . . အသက်ဆိုတာ ဘာတုံးဆိုတော့ အသက် ဆိုတာ ဝိညာဏ်ကိုခေါ်တယ်. . . (မှန်ပါ)။ ဒီဝိညာဏ်လေး ထွက်သွား တယ်ဆိုသဖြင့် ဒီမှာရုပ်ခန္ဓာကြီးသာထားပစ်ခဲ့တယ်၊ နာမ် ဝိညာဏ်ကထွက်သွားပြီ. . . (မှန်ပါ)။ မဆိုပေဘူးလား . . . (ဆိုပါတယ်ဘုရား)။

ဘာဒိဋ္ဌိဖြစ်တုံး. . . (သဿတဒိဋ္ဌိဖြစ်ပါတယ်ဘုရား)။ အဲဒီသဿတဒိဋ္ဌိရှိနေတဲ့ ပုဂ္ဂိုလ်ဖြင့်၊ ဒီဘဝမှာ အနိစ္စ ဒုက္ခတွေ အာပေါက်အောင် အားထုတ်. . . (မှန်ပါ)။ ဒိဋ္ဌိက အပင်း ဖြစ်ပြီး တားတာပဲ . . . (မှန်ပါ)။ ရိပ်မိကြပြီလား. . . (ရိပ်မိ ပါတယ်ဘုရား)။ သဘောကျရဲ့လား. . . (ကျပါတယ် ဘုရား)။

## ဝေဒနာနဲ့ဝိညာဏ်ဟာအတူတူ

ကိုင်း. . . ဒါဖြင့် ဒကာ ဒကာမတို့ ကိုယ်ပေါ်မှာ ဘယ်ဝိညာဏ်ပေါ်ပေါ်၊ ဘယ်ဝေဒနာပေါ်ပေါ်၊ ဝေဒနာနဲ့ ဝိညာဏ်ဟာ အတူတူပါပဲ သဟဇာတနော်. . . (မှန်ပါ)။ ဘာလေးပေါ်ပေါ် ဒကာ ဒကာမတို့ ဘာလုပ်ကြရမှာတုံး. . . (ဖြစ်ပျက်ရှုရမှာပါဘုရား)။

## ရှုမိအောင်ရှုကြနော်

ရှုမိအောင်ရှုကြနော်. . . (မှန်ပါ)။ အင်း အကြောင်းနှစ်ခု ကြောင့်ပေါ်လာတာပဲ၊ အကြောင်းနှစ်ခုချုပ်လို့ သူချုပ်တာပဲဆိုတော့၊ အကြောင်းနှစ်ခုကြောင့် ပေါ်လာတာက အဖြစ်၊ အကြောင်းနှစ်ခုက ဖြစ်ပြီးမရှိတော့ဘူး ချုပ်သွားရတာက အပျက် . . . (မှန်ပါ)။ ဒီလိုမနေဘူးလား. . . (နေပါတယ်ဘုရား)။

အဲတော့ ခန္ဓာကိုယ်ပေါ်မှာ ပေါ်တိုင်းပေါ်တိုင်း ဖြစ်ပျက်သာရှုပေး. . . (မှန်ပါ)။ ဖြစ်ပျက်ရှုပေးတဲ့ ပုဂ္ဂိုလ်ဟာဒိဋ္ဌိ၊ ဝိစိကိစ္ဆာ သေပါတယ်. . . (မှန်ပါ)။ သဘောကျရဲ့လား. . . (ကျပါတယ်ဘုရား)။

## ဖြစ်ပျက်ရှုတဲ့ပုဂ္ဂိုလ်

ဖြစ်ပျက်ရှုတဲ့ပုဂ္ဂိုလ်ဟာ . . . (ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ သေပါတယ်ဘုရား)။ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာသေပါတယ်၊ ခင်ဗျားတို့ ဘာမှ သံသယ မရှိနဲ့. . . (မှန်ပါ)။ ဟောဒီ. . . ဒိဋ္ဌိရှိလျက်နဲ့ ဒကာ ဒကာမတွေက လှူကြ၊ တန်းကြမယ်၊ အခုပြောခဲ့တဲ့ ဒိဋ္ဌိတွေ မပြုတ်ဘူးဆိုပါတော့ မောင်နိုင်ရ. . . (မှန်ပါ)။ ကိုဝ မပြုတ်ဘူးဆိုပါတော့. . . (မှန်ပါ)။

## ဒိဋ္ဌိရှိနေတဲ့ပုဂ္ဂိုလ်

လှူကြ၊ တန်းကြ၊ ပေးကြ၊ ကမ်းကြ၊ ကျောင်းဆောက်၊ ဘုရားတည်လုပ်ကြ၊ သုဂတိနတ်ပြည်တော့ ရောက်ရမယ်. . . (မှန်ပါ)။ ဒိဋ္ဌိရှိလျက်နဲ့ လှူတဲ့ပုဂ္ဂိုဟ်ဟာ ကုသိုလ်မရဘူးလို့ မဆိုဘူး ကုသိုလ်ရတယ်၊ သုဂတိနတ်ပြည်ရောက်မယ်. . . (မှန်ပါ)။ သဘောကျရဲ့လား. . . (ကျပါတယ်ဘုရား)။

ဗြဟ္မာပြည်ကျအောင်ရောက်မယ်၊ ဒိဋ္ဌာသဝ, က ဗြဟ္မာပြည်ကျအောင် ကျက်စားနိုင်တာကိုး၊ ဗြဟ္မာပြည် ကျအောင် ရောက်တော့ ရောက်တယ်၊ ဒုက္ခခပ်သိမ်း ကင်းငြိမ်းတဲ့နိဗ္ဗာန် ဘယ်တော့မှ မရောက်ဘူးလို့ ဆုံးဖြတ်ချက်ချ . . . (မှန်ပါ)။

## နိဗ္ဗာန်ဘယ်တော့မှမရောက်

ဒိဋ္ဌိရှိလျက်နဲ့ လျှတန်း၊ ပေးကမ်း၊ သမထဝိပဿနာ အားထုတ်နေတဲ့ပုဂ္ဂိုလ်များ ဒကာ ဒကာမတို့ ဘယ်လိုဆိုကြမယ် . . . ဒုက္ခခပ်သိမ်းကင်းငြိမ်းတဲ့ နိဗ္ဗာန်ကို . . . (မရပါဘူး ဘုရား)။

နတ်ရွာ သုဂတိဗြဟ္မာပြည်ကျတော့ . . . (ရပါတယ် ဘုရား)။ ကိုင်း. . . နိဗ္ဗာန်တားတယ်၊ ဒီ ဒိဋ္ဌိက ဒကာ ဒကာမ တွေ သဘောပါကြပြီလား. . . (ပါပါတယ်ဘုရား)။ တယ် ကြောက်စရာကောင်းပါလား . . . (ကောင်းပါတယ်ဘုရား)။

ဒါဖြင့် ဒီဝိညာဏ်လေး၊ ကာယဝိညာဏ်စိတ်ကလေး ဟာ ဒီအကြောင်းနှစ်ခုကြောင့်ပေါ်တယ်၊ ဒီအကြောင်းနှစ်ခု ချုပ်ငြိမ်း ရုပ်သိမ်းသွားတဲ့အခါ သူက ငါနေဦးမယ်ဆိုလို့ ရရဲ့လား. . . (မရပါဘူးဘုရား)။

ဖြစ်ပြီးပျက်တဲ့ ဓမ္မဆိုတာ မသေချာဘူးလား . . . (သေချာ ပါတယ်ဘုရား)။ အဲဒီလို ဖြစ်ပျက်မြင်တဲ့ပုဂ္ဂိုလ်ကျလာ ပြန်တော့လည်း ဒကာ ဒကာမတို့၊ ဒီဘဝ မဂ်မရလို့ ကိုယ်က ကိစ္စကများလွန်းလို့ အလုပ်လုပ်တဲ့အချိန်က နည်းပြီး မဂ်မရပြန်တော့ သုဂတိပို့လိုက်တယ်. . . (မှန်ပါ)။

ဒုတိယဘဝကျတော့ သူက နိဗ္ဗာန်ရောက်တယ်. . . (မှန်ပါ)။ မထူးခြားဘူးလား. . . (ထူးခြားပါတယ်ဘုရား)။ ဟာ

. . . ဒီဘဝပဲတပည့်တော်တို့ အရယူမယ်ဆိုပြီး ကြိုးစားပမ်းစား ပွားများလိုက်လို့ရှိရင်လည်း၊ ဒီဘဝပဲ နိဗ္ဗာန်ရတယ် . . . (မှန်ပါ)။ သဘောကျရဲ့လား . . . (ကျပါတယ်ဘုရား)။

## ဒိဋ္ဌိ၊ ဝိစိကိစ္ဆာကြောက်စရာအကောင်းဆုံး

ဒါဖြင့် ဒကာ ဒကာမတို့ ဘယ်သူ့ကြောက်စရာ ကောင်းတယ်ဆိုတာဖြင့် ယနေ့ပေါ်ပါပြီ. . . (ပေါ်ပါပြီဘုရား)။ ဘာကြောက်စရာကောင်းသလဲ. . . (ဒိဋ္ဌိ၊ ဝိစိကိစ္ဆာကြောက် စရာကောင်းပါတယ်ဘုရား)။

ဒိဋ္ဌိ၊ ဝိစိကိစ္ဆာကြောက်၊ ကျန်တဲ့လောဘ၊ ဒေါသ၊ မောဟ၊ မာန ကြောက်စရာကောင်းရဲ့လား. . . (မကောင်း ပါဘူး)။ သူ့ကြောင့် ဟိုဟာတွေကပွားတာ. . . (မှန်ပါ)။ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာကြောင့် လောဘ၊ ဒေါသ၊ မာနတွေ တက်လာတာ . . . (မှန်ပါ)။

သူ့ဖြုတ်လိုက်တဲ့ တစ်နေ့ကျတော့ ဟိုဟာတွေလည်း မပါးပေဘူးလား. . . (ပါးပါတယ်ဘုရား)။

အဲတော့ ဒကာ ဒကာမတို့ အပါယ်သွားတဲ့တရားကို အရင်ဖြုတ်ရမှာ၊ ခင်ဗျားတို့ အရင်ဖြုတ်ကြစမ်းပါဆိုတာ သတိပေး လိုက်တယ်. . . (မှန်ပါ)။ အပါယ်သွားတတ်တဲ့တရား ဘယ်သူ ပါလိမ့်. . . (ဒိဋ္ဌိ၊ ဝိစိကိစ္ဆာပါဘုရား)။

## အပါယ်သွားတတ်တဲ့တရားအရင်ဖြုတ်

အဲဒါ အရင်ဖြုတ်လိုက်. . . (မှန်ပါ)။ ဒိပြင် လောဘ၊ ဒေါသ၊ မောဟ အသာထားစမ်းပါ. . . (မှန်ပါ)။ ကိစ္စမရှိပါဘူး၊ ခင်ဗျားတို့ရောင်းချင်တိုင်းရောင်း၊ ဝယ်ချင်တိုင်းဝယ်နေပါ။ ဒါပဲ အရင်ဖြုတ်မိအောင်ဖြုတ်ပါ. . . (မှန်ပါ)။ အပါယ် စိတ်ချ ရအောင် . . . (မှန်ပါ)။ သဘောကျပြီလား . . . (ကျပါပြီ ဘုရား)။

## ဝိသာခါ၊ အနာထပိဏ်တို့လို

ဒါကို အသိနဲ့လည်း ဖြုတ်ရမယ်၊ ပွားများပြီးသကာလ လည်း. . . (ဖြုတ်ရမှာပါဘုရား)။ အဲဒီလို ဖြုတ်ပြီးမှဆိုလို့ရှိရင် ဒါခင်ဗျားတို့ ဝိသာခါ အနာထပိဏ်တို့လို လှည်းပေါင်းငါးရာနဲ့ ကုန်ကူးနေတာကိုပ ဘာကိစ္စရှိသတုံး . . . (မရှိပါဘူးဘုရား)။

ကုန်ကူးတယ်ဆိုတာတည်းက အမြတ်လိုချင်လို့ဆိုတာ လည်း ဒကာ ဒကာမတွေ ဘယ်သူ့မေးမေးပြောစရာ ဒါပဲ ရှိတာပဲ . . . (မှန်ပါ)။ ဒီလောဘမရှိဘူးလား . . . (ရှိပါတယ် ဘုရား)။ သူတို့ထက် ငါအမြတ်ရအောင် ရောင်းမယ်ဆိုတဲ့ မာနတွေကော . . . (ရှိပါတယ်ဘုရား)။ ရှိပင်ရှိငြားသော်လည်း အပါယ်တော့ မချဘူး၊ စိတ်သာချ. . . (မှန်ပါ)။

ဘာကြောင့်တုံး အပါယ်မျိုးစေ့က သတ်ပြီးလို့ . . . (မှန်ပါ)။ သဘောပါကြရဲ့လား . . . (ပါပါတယ်ဘုရား)။ အပါယ်မျိုးစေ့က . . . (သတ်ပြီးလို့ပါဘုရား)။

## ဒိဋ္ဌိပြုတ်နိုင်းတဲ့ဆရာကရှားတယ်

ဒိဋ္ဌိပြုတ်ကြလို့ ဟောတဲ့ဆရာက ရှားတယ်. . . (မှန်ပါ)။ သဘောကျရဲ့လား . . . (ကျပါတယ်ဘုရား)။ ကဲ ဒါဖြင့် ဒါအရေးကြီးတာကို ပြောတာလား၊ အရင်နောက်လွဲနေသလား မေးဘယ့် နှယ်ဖြေမလဲ. . . (အရင်နောက် လွဲနေပါတယ်ဘုရား)။

အဲ. . ခင်ဗျားတို့က ပြောင်းပြန်မှတ်လိုက်ပါတော့၊ အရင်စကားတွေ အသာလျော့ပြီး မင်းလောဘလျော့၊ ဒေါသလျော့၊ မောဟလျော့ ဒီလိုပြောတာတွေဟာ၊ ဩော် . . . ရှေ့စကားနောက်၊ နောက်စကားရှေ့သုံးတယ် မသိရှာလို့ကော . . . (မှန်ပါ) မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

## ဒိဋ္ဌိပြုတ်ရင်ဝိစိကိစ္ဆာပါသွားတယ်

စင်စစ်ပြုတ်ရမှာက ဘာတုံး. . . (ဒိဋ္ဌိ၊ ဝိစိကိစ္ဆာပါဘုရား)။ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာပြုတ်ရမှာ၊ တိုတိုပြောကြပါစို့ ဒကာဒကာမတို့ ဒိဋ္ဌိပြုတ်ရင် ဝိစိကိစ္ဆာပါသွားတာပဲ . . . (မှန်ပါ)။

ဒိဋ္ဌိဖြုတ်ရင် . . . (ဝိစိကိစ္ဆာပါသွားပါတယ်ဘုရား) ဝိစိကိစ္ဆာ ပါသွားတော့ ဒိဋ္ဌိဖြုတ်ဖို့ပဲ အရေးကြီးတယ်ဆို ဒါလေးဟာ ငါ၊ ငါ့ဥစ္စာမဟုတ်လို့ ပျက်တယ်ဆိုတာလေး သိရင်ပြီးတာပဲ . . . (မှန်ပါ)။ သဘောကျရဲ့လား . . . (ကျပါတယ်ဘုရား)။

ကဲ . . ဒါဖြင့် ဒကာ ဒကာမတွေ ဝိပဿနာပဲရှုကြ . . . (မှန်ပါ)။ ဒီအပျက်ကလေးကိုမြင်လို့ရှိရင်ဖြင့် ငါ၊ ငါ့ဥစ္စာမဟုတ်လို့ ပျက်တယ်၊ ငါ၊ ငါ့ဥစ္စာမဟုတ်လို့ ပျက်တယ် ဆိုတာလေးဟာ ပါပါမသွားဘူးလား . . (ပါသွားပါတယ် ဘုရား)။

အဲတော့ ဥဒယ ပြုတ်မနေဘူးလား . . . (ပြုတ်နေပါတယ်ဘုရား) သေချာပြီလား . . . (သေချာပါပြီဘုရား) အကယ်၍ ဒါမပြုတ်ခဲ့သည်ရှိသော်တဲ့၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဝိညာဏ်လေး ပြောင်းသွားပြီ၊ ဘာဒိဋ္ဌိ တုံး . . . (သဿတဒိဋ္ဌိပါဘုရား)။

အင်း . . . ခုအချိန်ဖြင့် ဘယ်ဝမ်းထဲများရောက်နေရှာ ကြပါ လိမ့်မတုံးများ လေပြေများထိုးပြီးသကာလ ပြောင်းတော့ ပြောင်းသွားပြီ၊ ဘဝပြောင်းသွားပြီ . . . (မှန်ပါ)။

## ဘယ်ဘဝပြောင်းရမှာတုံး

ဘယ်ဘဝပြောင်းရမှာတုံးဗျ . . . (မှန်ပါ)။ ဒီဘဝ ဒီဝိညာဏ်ချုပ်တယ်ဆိုတာ ပြောင်းစရာများပါသေးရဲ့လား . . . (မပါပါဘူးဘုရား)။ နို့ ခင်ဗျားတို့က ဘဝတစ်ပါး ပြောင်းသွားပြီ အစရှိသည်နဲ့၊ ဒီအရပ်နေမကောင်းတာနဲ့ ဟိုအရပ်ပြောင်းတဲ့ သဘော အထုပ်ထမ်းသွားသေးသလား မပြောတတ်ပါဘူး၊ ဘာဒိဋ္ဌိဖြစ်နေတုံး. . . (သဿတဒိဋ္ဌိဖြစ်နေပါတယ်ဘုရား)။

## ဘဝတစ်ပါးပြောင်းသွားလေသော

အဲ. . ခင်ဗျားတို့ ဖိတ်စာကို ဒီအတိုင်းဖြစ်နေတာ. . . (မှန်ပါ)။ "ဘဝတစ်ပါးပြောင်းသွားလေသော" အစရှိသည်နဲ့ ဒီက ပြောင်းသွားတာကိုးဗျ၊ မနေချင်လို့ . . . (မှန်ပါ)။

လူ့ဝမ်းခေါင်း လူ့အဖြစ်နဲ့ဖြင့် မနေချင်ပါဘူး၊ ဒီဝိညာဏ်က နတ်အဖြစ်နဲ့ ပြောင်းပါတော့မယ်ဆိုပြီး၊ ဒီဝိညာဏ်ကလေးက ပြောင်းသွားတဲ့အဓိပ္ပါယ်မရောက်ဘူးလား . . . (ရောက်ပါတယ်ဘုရား)။

## ဒါဘာဒိဋ္ဌိဆိုကြမလဲ

ဒါဖြင့် ဒါ ဘာဒိဋ္ဌိဆိုကြမတုံး. . . (သဿတဒိဋ္ဌိပါဘုရား) အဲဒါက ပါလာတာကလည်း ကြာနေတော့၊ ဘုန်းကြီးများကလည်း ခုမှစဟောနေရတော့၊ ဟိုစာက မှင်အိုကြီးနဲ့ စာရွက်အိုကြီးဖြစ်နေတော့၊ ဖျက်လိုက်လို့ရှိရင်လည်း စာရော မှင်ရော ပျက်သွားတယ်. . . (မှန်ပါ)။ စင်စစ်တော့လွဲတာ အမှန်ပဲ . . . (မှန်ပါ)။ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

## သဿတဒိဋ္ဌိ

ဘဝတစ်ပါးပြောင်းသွားလေသောသူအားဆိုတော့ ဘယ့်နှယ်ဆိုကြမတုံး. . . (သဿတဒိဋ္ဌိပါဘုရား)။ အသေအချာပါတယ်၊ မပါဘူးလား. . . (ပါပါတယ်ဘုရား)။

ဒီမပျော်လို့ ပြောင်းတဲ့အခိပ္ပါယ်မရောက်ဘူးလား. . . (ရောက်ပါတယ်ဘုရား)။ အဲ. . ဒါလေးဟာ ပြောင်းလို့ကို ဖြစ်ရဲ့လား. . . (မဖြစ်ပါဘူးဘုရား)။ သူ့အသက်တမ်းက ဒီဝိညာဏ်လေးက တစ်၊ နှစ်ဆို ချုပ်သွားတာ . . . (မှန်ပါ)။

ပြောင်းနိုင်ရဲ့လား. . . (မပြောင်းနိုင်ပါဘူးဘုရား)။ နောက်ပေါ်မည့်ဝိညာဏ်ကကော. . . (တစ်၊ နှစ်ဆိုရင် ချုပ်ပါတယ်ဘုရား)။ ဒီလိုမပြောပါနဲ့ လက်ဖျောက်တီးသလောက်တောင် ကြာရဲ့လား. . . (မကြာပါဘူးဘုရား)။

## တစ်ဆင့်ကြားနဲ့အမှားဖြစ်နေတာ

ပြောင်းချိန်များပါသေးသလား ... (မပါပါဘူးဘုရား)။ အဲ မပါတာသိတော့မှ ဒကာ ဒကာမတွေ၊ ဩော်... တစ်ဆင့်ကြား နဲ့ ဒို့မှာ အမှားဖြစ်နေရတာ နာလိုက်တဲ့ဖြစ်ခြင်း ... (မှန်ပါ)။ မဆိုထိုက်ဘူးလား... (ဆိုထိုက်ပါတယ်ဘုရား)။

တစ်ဆင့်ကြားနဲ့ ဘဝတစ်ပါးပြောင်းသွားပြီ၊ ဘာလေးပြောင်းသွားတုံး မေးစရာကောအကွက်ပေါ်မလာဘူးလား ... (ပေါ်လာပါတယ်ဘုရား)။ ဝိညာဏ်လေးပြောင်းတယ်ပြောမှာ ... (မှန်ပါ)။ ရှင်းပြီလား... (ရှင်းပါပြီဘုရား)။

ဘာလေးပြောင်းတုံးမေးရင် ... (ဝိညာဏ်လေးပြောင်းပါတယ်ဘုရား)။ သွားပြီ ဒကာ ဒကာမတို့ ဒါဘာဒိဋ္ဌိတုံး ... (သဿတဒိဋ္ဌိပါဘုရား) ကဲ ကိုဝ ကျေနပ်ပြီလား ... (ကျေနပ်ပါတယ်ဘုရား)။

သုံးကော မသုံးကြဘူးလား... (သုံးပါတယ်ဘုရား) သုံးတဲ့အတိုင်းလည်း ထင်တဲ့ပုဂ္ဂိုလ်ကော မရှိကြဘူးလား... (ရှိပါတယ်ဘုရား)။

သုံးတဲ့အတိုင်း ထင်လို့ရှိရင် ဘာဒိဋ္ဌိဆိုမယ်... (သဿတဒိဋ္ဌိပါဘုရား)။ သဘောပါပြီလား... (ပါပါတယ်ဘုရား)။

## သာတိဆိုတဲ့ရဟန်း

ကိုင်း . . . ဝတ္ထုထုတ်တော့မယ်နော် ခင်ဗျားတို့ သဿတဒိဋ္ဌိ၊ မူလပဏ္ဏာသပါဠိတော် ဘုရားလက်ထက်က သဿတဒိဋ္ဌိ "သာတိ" ဆိုတဲ့ရဟန်းကို ထုတ်လိုက်မယ်။

သူ့ရဲ့ နာမည်က သာတိတဲ့၊ အဲဒီ-သာတိဆိုတဲ့ ရဟန်းက "သတ္တာဟံ ဘဂဝတာ ဒေသိတံ အဇာနာမိ တထေဝ ဝိညာဏံ သန္ဓာဝတံ သံသာရတံ"။

ဘုရားဟောတော်မူတာ ငါသိပါတယ်ကွာ၊ ဝိညာဏ်လေး ဟာ ဟိုပြောင်းသွား၊ ဒီပြောင်းသွား၊ နတ်ပြည်ပြောင်းလိုက်၊ ပြဟ္မာ့ ပြည်ပြောင်းလိုက် ဝိညာဏ်လေးပြောင်းတာတဲ့၊ လူ့ပြည် ကနေပြီးသကာလ အမျိုးမျိုးအဖုံဖုံ ပြောင်းတယ်၊ ငရဲကနေပြီး လူ့ပြည် ပြောင်းလာတယ်၊ ဒါ-ဘုရားဟောတော်မူတာ ဒါပါပဲကွ။

## ဝိညာဏ်ကလေးဟာဟိုပြောင်းလိုက်ဒီပြောင်းလိုက်

သူက ဘာဒိဋ္ဌိဖြစ်နေတုံး. . . (သဿတဒိဋ္ဌိ ဖြစ်နေ ပါတယ်ဘုရား) "တထေဝ ဝိညာဏံ သန္ဓာဝတံ သံသာရတံ" တဲ့၊ ထိုဝိညာဏ်လေးဟာ ဟိုပြောင်းလိုက် ဒီပြောင်းလိုက်နဲ့ နေတာပါပဲ။ ကိုဝ ခက်လိုက်တာနော်. . . (မှန်ပါ)။

ဝိညာဏ်လေးပျက်တယ်လို့ ပါသေးသလား . . . (မပါပါဘူးဘုရား) "ဝိညာဏံ အနိစ္စံ"ကို ပါသေးသလား. . . (မပါပါ ဘူးဘုရား)။ အဲ. . . ဒိဝိညာဏ်လေးဘာဖြစ်သတဲ့တုံး . . . (ပြောင်းသွားပါတယ်ဘုရား)။ ပြောင်းသွားတယ်။ "သတ္တာဟံ ဘဂဝတာ ဒေသိတံ အဇာနတံ" ဘုရားဟောတော်မူတာ ငါသိပါတယ်ကွာတဲ့၊ ဝိညာဏ်လေးပြောင်းပြောင်း ပြောင်း ပြောင်းသွားတယ်လို့ ပြောတာပဲ. . . (မှန်ပါ)။

## မဟောသစာမှသည်ဝိဓူရ

သူက နားစွန်နားဖျား တရားနာတာကတစ်ကြောင်း၊ ဉာဏ်ကလေးက သေးသိမ်တာကလည်းတစ်ကြောင်းဆိုသောကြောင့်၊ ဘုရားက သူ့ဇာတ်ထုပ်ဟောတော့ ဘယ်လိုဟောလိုက်သတုံးဆိုတော့၊ ငါမဟော်သဓာကနေပြီး ဝိဓူရဖြစ်လာတယ်ကွဆိုတော့၊ သူက ဝိညာဏ်ပြောင်းတယ်ချည့် ယူပစ်လိုက်တယ်. . . (မှန်ပါ)။ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

အဲဒိ ဝတ္ထုသွားနာလို့ ဒီလိုပြောင်းပြောင်းနေပြီး ဝိဓူရဖြစ်လာတယ်ကွ၊ အဲဒီကနေပြီး ဘုရားက ဒီလို သုတ္တန်ကိုချဲ့ပြီးသကာလ မပြောမဖြစ်လို့ ဆက်ဟောတာ၊ သူက ဝိညာဏ်လေးပြောင်းပြောင်းသွားတယ်လို့ ယူတာပဲ . . . (မှန်ပါ)။

## ဝိညာဏ်ဆိုတာမသေဘူးတဲ့

ဒါနဲ့ သူက ဘုရားဆီက တရားနာပြီးသကာလ ရဟန်းတွေ သွားပြောတာပေါ့လေ. . . (မှန်ပါ)။ ဘုရားဟောတော်မူတာ တပည့်တော်အကုန်သိပါတယ်ဘုရား၊ ဝိညာဏ်ဆိုတာ ဘယ်တော့မှ မသေဘူးဘုရား ပြောင်းတာပဲ၊ ကဲ. . ဒကာ ဒကာမတွေ ဘယ်လောက်ကြောက်စရာကောင်းသတုံး. . . (ကောင်းပါတယ်ဘုရား)။

ဒါနဲ့ ရဟန်းတွေက ပြောကြတယ်၊ သာတိ-ရာ ဘုရားဒီလို ဟောတာမဟုတ်ပါဘူး၊ အို. . . ကိုယ်တိုင်နာခဲ့တာ၊ ဒီအတိုင်း၊ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

ဝိညာဏ်လေးဟာ ပြောင်းတာပဲ၊ ဟိုပြောင်း ဒီပြောင်း ပြောင်းတာပဲဆိုတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေနဲ့ သိပ်တူတာပဲ. . . (မှန်ပါ)။ ဘဝတစ်ပါးပြောင်းသွားရှာပြီ၊ ဘယ့်နှယ့်တုံး . . . (တူပါတယ်ဘုရား)။

## ဒီဘဝမကောင်းလို့ဟိုဘဝပြောင်း

ဒီဘဝမကောင်းလို့ ဘာတုံး. . . (ဟိုဘဝပြောင်းသွားပါတယ်ဘုရား)။ ဟိုဘဝပြောင်းတယ်ဆိုတော့ ပြောင်းဆိုတာ သည် အလယ်မှာအဆက်ရှိရမယ်. . . (မှန်ပါ)။ မရှိဘူးလား . . . (ရှိပါတယ်ဘုရား)။

ကဲ. . . ကျုပ်တို့ တိုင်းပြည်ပျက်တုံးက မပြောင်းကြဘူး လား. . . (ပြောင်းပါတယ်ဘုရား)။ ကိုဝက ဘော်ပတန်းပြောင်း တယ်ဟုတ်လား၊ မောင်နိုင်တို့က ကျောက်ပြဿာဒ် ပြောင်း တယ် . . . (မှန်ပါ)။ ဒီခန္ဓာကိုယ်ကြီးကို ပြောင်းသွားတာပဲ . . . (မှန်ပါ)။

ဒီမှာထားပစ်ခဲ့တာ ပါသေးသလား. . . (မပါပါဘူး ဘုရား) ခြေ၊ လက်၊ နား၊ နှာခေါင်း အင်္ဂါကြီးငယ် မထားခဲ့ပါဘူး အကုန်သယ်သွားတယ်. . . (မှန်ပါ)။ သဘောကျပြီလား. . (ကျပါပြီဘုရား)။

ဒီအိမ်မှာ မကြိုက်လို့၊ မီးလာရင် ဒီအိမ်မှာ ဗုံးကျမှာ စိုးလို့ ဟိုမှာ တဲအိမ်မှာ ပြောင်းသွားတယ်ဆိုတော့ လူကတော့ ပြောင်းလျက်ပဲ. . . (မှန်ပါ)။ အိမ်ကတော့ထားခဲ့တယ်. . . (မှန်ပါ)။

## သသတဒိဋ္ဌိဖြစ်နေပြီ

ဘာဒိဋ္ဌိဖြစ်နေတုံး. . . (သဿတဒိဋ္ဌိဖြစ်နေပါတယ် ဘုရား)။ ခင်ဗျားတို့ ဘဝတစ်ပါးပြောင်းဆိုတဲ့ အဓိပ္ပါယ် ဟာလည်း ဒါပဲ . . . (မှန်ပါ)။ ဒီခန္ဓာအိမ်ကနေပြီး ဟိုခန္ဓာ အိမ်ပြောင်းတာ . . . (မှန်ပါ)။ သဘောကျရဲ့လား . . . (ကျပါတယ်ဘုရား)။

ဘာဒိဋ္ဌိဖြစ်နေတုံး. . . (သဿတဒိဋ္ဌိဖြစ်နေပါတယ်ဘုရား)။ ဒါနဲ့ သာတိက ဒကာ ဒကာမတို့ ဒီလိုပဲ ရဟန်းတွေလှည့် ပြောနေတော့ သာတိ-ရာတဲ့ ပြောရှာတယ်၊ ဘုရားဟောတော် မူတာ ငါအကုန်သိပါတယ်ကွာ၊ ဝိညာဏ်ဆိုတာဘယ်တော့မှ မသေဘူး၊ ပြောင်းပြောင်းသွားတာပဲဆိုပြီး ဘေးကရဟန်းတွေက ပြောကြ၊ သာတိ-ဘုရားဒီလို မဟောပါဘူး မင်းဒီလိုမယူပါနဲ့ကွ ဆိုပြီး ပြောပြောသော်လည်း မရဘူး၊ ဒီအယူသူမစွန့်နိုင်ဘူး။

## ဘုရားကခေါ်မေးတယ်

ဒါနဲ့ ဘယ်သူမှ ဆုံးမသွန်သင်လို့မရတော့တာနဲ့ ဘုရားကို ရဟန်းတွေက သွားလျှောက်တယ်၊ သာတိတော့ ဒီလိုဖြစ်နေပြီ ဘုရား၊ သဿတ-ဒိဋ္ဌိဖြစ်နေပြီဘုရား ခေါ်ပါဦးဘုရားဆိုတော့ ဘုရားကခေါ်ရှာတာပေါ့လေ။

## "သာတိ" ဘယ်ဟာကိုဝိညာဏ်ခေါ်တာတုံး

ဟေ့. . . သာတိ ကတမံ သာတိဝိညာဏံ၊ သာတိ-ဘယ်ဟာကို ဝိညာဏ်ခေါ်တာတုံးကွ "ဝဒေါဝေဒေယျော" သဿတ ကတကလျာဏာနံ ကတပါပကါနံ သဥေတိ စေတေသိ" သူက ဒါကိုရွတ်လိုက်တယ်။

ဘယ်ဟာ ဝိညာဏ်တုံးဆိုလို့ရှိရင် တဒေဝဝိညာဏ်တဲ့ ဒီဝမ်းထဲကဖြစ်တဲ့ ဒီကာယဝိညာဏ်ဖြစ်စေ၊ မနောဝိညာဏ် ဖြစ်စေ၊ ဝိညာဏ်ကခြောက်မျိုးတောင်ရှိတာနော် . . . (မှန်ပါ)။

စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ်လို့ မရှိဘူးလား . . . (ရှိပါတယ်ဘုရား)။

အဲဒီဝိညာဏ်လေးတွေဟာ ဘုရားတဲ့ ရောက်ရာဘဝ မှာ သူတို့က စကားပြောတာတဲ့၊ ကောင်းမကောင်းကိုလည်း သူတို့က ခံစားတာ အဲဒီဝိညာဏ်ကို ဆိုတာပါ၊ ကဲ. . . ဒကာ ဒကာမတို့ ဘာဒိဋ္ဌိတွေစပ်သတုံး . . . (သဿတဒိဋ္ဌိတွေ စပ်ပါတယ်ဘုရား)။

## မင်္ဂလာဖိုလ်မရတော့၊ အချည်းနှီးပုဂ္ဂိုလ်

ဒီဝိညာဏ်လေးက ကောင်းတာလည်း သူခံစားတာပဲတဲ့၊ အင်း. . မကောင်းတာလည်း သူခံစားတာပဲတဲ့၊ ရောက်ရာ ရောက်ရာဘဝမှာ ဒီဝိညာဏ်လေးသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ဒီကနေ ဟိုပြောင်း ဟိုကနေ ဒီပြောင်းပြီးသကာလ သူက ကောင်းတာဆိုးတာ ခံစားတာလည်း သူပဲ၊ သဘောကျပြီလား . . . (ကျပါပြီဘုရား)။

ပြောဆိုတာလည်း သူပဲ ဆိုတော့၊ ကွာတဲ့ သာတိမင်း သာသနာတော်မှ မင်းတော့ဖြင့် မင်ဖိုလ်မရ အချည်းနှီး ပုဂ္ဂိုလ် ရှုံးပေါ့ ဘုရားက အသေအချာပြောတာ. . . (မှန်ပါ)။

## ဘာအကုသိုလ်မှမလုပ်ဘဲနဲ့

ဘာအကုသိုလ်မှ မလုပ်ဘူး၊ ဒီဒိဋ္ဌိကြောင့် ရှုံးပေါ့လို့ ပြောချလိုက်တာ. . . (မှန်ပါ)။ သဘောကျကြပြီလား . . . (ကျပါတယ်ဘုရား)။

## သေရင်အဝီစိသွားမယ်

ကဲ. . . ကိုဝ ဘယ်လောက်ကြောက်စရာကောင်းသတုံး . . . (ကြောက်စရာကောင်းပါတယ်ဘုရား)။ ဒကာ ဒကာမတို့ သေလည်း အဝီစိသွားမယ်လို့ အသေအချာ ဟောတာ. . . (မှန်ပါ)။

ဘာဒိဋ္ဌိတုံးဗျာ. . . (သဿတဒိဋ္ဌိပါဘုရား)။ ပေါ်ကြပြီလား. . . (ပေါ်ပါပြီဘုရား)။ ဒကာ ဒကာမတို့ နောက်ဘဝ ပြောင်း ရှောင်ကြနော်. . . (မှန်ပါ)။ အဲ. . . ဝိညာဏ် ချုပ်သွားရာပြီ ဟောတယ် . . . (မှန်ပါ)။ သဘောကျရဲ့လား . . . (ကျပါတယ်ဘုရား)။

## ဘဝပြောင်းမဟုတ်ဘူးနော်

ဘဝပြောင်းမဟုတ်ဘူးနော်. . . (မှန်ပါ)။ ဘာဖြစ်သွားလို့ တုံး. . . (ဝိညာဏ်ချုပ်သွားလို့ပါဘုရား)။ ဝိညာဏ်ချုပ်သွားတာဆိုတာ ကျေနပ်ကြပြီလား. . . (ကျေနပ်ပါတယ်ဘုရား)။

ကောင်းပြီ. . . ဒါကြောင့် ဒကာ ဒကာမတို့ ဘုရားကလည်း "ဝိညာဏနိရောဓာ နာမရူပနိရောဓော" ဟောတာပဲ . . . (မှန်ပါ)။ ချုပ်တယ်ချည့် ဟောတာပဲ . . . (မှန်ပါ)။ မဟောဘူးလား . . . (ဟောပါတယ်ဘုရား)။

## ရေစက်ချလေးပြင်ကြဦးမှတော်မယ်

ဟောပင်ဟောငြားသော်လည်း မင်းတို့က ဘယ့်နှယ်ဖြစ်နေတုံး. . . (ပြောင်းပါတယ်ဘုရား)။ ဘဝတစ်ပါး ပြောင်းသွားပြီ၊ ဝိညာဏ်လေး ပြောင်းသွားရှာပြီလို့ မယူဘူးလား . . . (ယူပါတယ်ဘုရား)။

အဲ. . . ပြောင်းတယ်ဆိုတာ အထုပ်ထမ်းသွားတာနဲ့ အတူတူပဲနော်. . . (မှန်ပါ)။ သဘောပါကြပြီလား. . . (ပါပါတယ်ဘုရား)။

အဲဒါ ရေစက်ချလေး ဘာလေးလည်း ပြင်ကြဦးမှတော်မယ်. . . (မှန်ပါ)။ ဘယ့်နှယ်တုံး. . . (ပြင်ရမှာပါဘုရား)။

ပြင်ရမှာပဲဆိုတဲ့ဥစ္စာ၊ ဝိညာဏ်ချုပ်သွား ဒါ ရှိတာပဲ၊ သဘော ကျပြီလား. . . (ကျပါတယ်ဘုရား)။

ကိုင်း. . ဒါဖြင့် ဒကာ ဒကာမတို့ ဝိညာဏ်ဟာ ပြောင်းသလား မပြောင်းဘူးလား. . . (မပြောင်းပါဘူးဘုရား)။ သူ့အသက်တမ်းကြည့်၊ ဘာဝိညာဏ်ပေါ်ပေါ် တစ်နဲ့နှစ်ပဲ ချုပ်တာ. . . (မှန်ပါ)။

အဲတော့ ဒီချုပ်မှန်း ဝိပဿနာဉာဏ်မရှိတဲ့ ပုဂ္ဂိုလ်မှာ ဘာဒိဋ္ဌိဖြစ်နေတုံး. . . (သဿတဒိဋ္ဌိဖြစ်နေပါတယ်ဘုရား)။

## ဘုရားကဗျာဒိတ်ပေးတာရှုံးခြင်းကြီးရှုံးပြီ

အဲဒီ သဿတ ဒိဋ္ဌိရှိလို့ရှိရင် သာတိလို တစ်ခါတည်း ဘုရားက မင်းသည်ကားလို့ဆိုရင် သာသနာတော်မှ ရှုံးခြင်းကြီး ရှုံးပြီကွ၊ မဂ်ဖိုလ်မှ အချည်းနှီးဖြစ်တဲ့ ပုဂ္ဂိုလ်ပဲဆိုပြီး တစ်ခါတည်း ဗျာဒိတ်ပေးတာ. . . (မှန်ပါ)။ ရကိုလည်း မရတော့ဘူး မဂ်ဖိုလ် . . . ဒီအယူမစွန့်လို့. . . (မှန်ပါ)။

ရပ့်မလား. . . (မရပါဘူးဘုရား)။ ရှင်းကြပြီလား. . . (ရှင်းပါပြီဘုရား)။ ကဲ. . . ဒါဖြင့် ဒကာ ဒကာမတို့ ကျုပ်တို့မှာ အမျိုးမျိုး အဖုံဖုံ ဗုဒ္ဓဘာသာမှာ ဘာဒိဋ္ဌိ ရှိသတုံးမေးရင် ရိပ်မိကြပြီလား. . . (ရိပ်မိပါပြီဘုရား)။ ပေါ်ကြပြီလား. . . (ပေါ်ပါပြီဘုရား)။

ဗုဒ္ဓဘာသာမှာ ဘာဒိဋ္ဌိရှိသတုံး . . . (သဿတဒိဋ္ဌိရှိပါတယ်ဘုရား)။ ကဲ. . . ဦးခန့်ကျေနပ်ပြီလား. . . (ကျေနပ်ပါပြီဘုရား)။ ဗုဒ္ဓဘာသာမှာ ဘာဒိဋ္ဌိရှိသတုံး. . . (သဿတဒိဋ္ဌိရှိပါတယ်ဘုရား)။

## ဗုဒ္ဓဘာသာလို့ခေါ်ရမှာခက်တယ်

ဗုဒ္ဓဘာသာလို့ ခေါ်ရတာတောင် ခက်နေတယ်၊ သူက ဒိဋ္ဌိဘာသာကြီး၊ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့်၊ ဒါအင်မတန်မှ ဇစ်ဇစ်မြစ်မြစ်ပောတဲ့ ဆရာမို့ ခင်ဗျားတို့ တော်အောင်ပောတဲ့ဆရာနဲ့ဆိုရင် မရသေး ဘူးနော်၊ ဒီ ဒိဋ္ဌိမပြုတ်ဘူးစိတ်ချ၊ ပြုတ်ပဲ့မလား. . . (မပြုတ် ပါဘူးဘုရား)။

ငယ်ငယ်က မှတ်လာတာ နာလာတာက တစ်မျိုး၊ အများသုံးနေတာ နားဝနေတာက. . . (တစ်မျိုးပါဘုရား) တစ်မျိုး၊ ကိုယ့်အထင်ကလည်း ဒီအတိုင်းထင်နေတာက . . . (တစ်မျိုးပါဘုရား)။

ဟာ. . သုံးမျိုးကြီးရှိနေတာ ကြောက်စရာကြီးပါလား၊ ဒကာ ဒကာမတို့ သိပ်မဆိုးဝါးဘူးလား. . . (ဆိုးဝါးပါတယ်ဘုရား)။ ကိုင်း. . . ဘုရားက "ဝိညာဏ နိရောဓာ" ဘယ့်နှယ်ပောတုံး. . . (နာမရူပနိရောဓောပါဘုရား)။ နိရောဓောချည့်

ဟောတယ်. . . (မှန်ပါ)။ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

"သင်္ခါရပစ္စယာ ဝိညာဏံ" မဟောဘူးလား. . . (ဟောပါတယ်ဘုရား) အဲ. . . "သင်္ခါရနိရောဓာ" . . . (ဝိညာဏနိရောဓောပါဘုရား)။ "ဝိညာဏနိရောဓာ" . . . (နာမရူပနိရောဓောပါဘုရား)။

"နိရောဓော" ပါသားပဲ ချုပ်ပါတယ်၊ ချုပ်ပါတယ် ပြောနေရဲ့ သားနဲ့ ခင်ဗျားတို့က ဒီဝိညာဏ် ပြောင်းပါတယ် ဆိုတော့ အတော်ခက်နေတာဗျ. . . (မှန်ပါ)။ မခက်ဘူးလား . . . (ခက်ပါတယ်ဘုရား)။

## အသက်ကကြီးကြပါပြီ

အဲဒါသည် အသက်အရွယ်လည်းကြီးကြပါပြီ၊ ခင်ဗျားတို့ ပြုနေတဲ့ ကုသိုလ်တွေ ကုသိုလ်တော့ရပါတယ်၊ နိဗ္ဗာန်မရဘူး . . . (မှန်ပါ)။ ဘာပြုလို့တုံးဆိုရင် ကိုဝ၊ မောင်နိုင် ရိပ်မိပြီလား . . . (ရိပ်မိပါပြီဘုရား)။

ဘာခံနေသတုံး . . . (သဿတဒိဋ္ဌိခံနေပါတယ်ဘုရား) သဿတဒိဋ္ဌိခံနေတယ်ဆိုတာ ဘယ်ဘာသာမှာ များများရှိသတုံး ဆိုလို့ရှိရင်ဖြင့် ဗုဒ္ဓဘာသာထဲမှာ ဒါရှိတယ် . . . (မှန်ပါ)။ မရှိဘူး လား . . . (ရှိပါတယ်ဘုရား)။

## ဝိညာဏ်ဟာဖြစ်ပျက်ဆိုတဲ့တရား

အဲဒီတော့ ဖြစ်ပျက်ဆိုတဲ့တရားလေး၊ ဒီအကြောင်းကြောင့် ဖြစ်တဲ့ အကျိုးတရားလေး ဝိညာဏ်ဟာနော် . . . (မှန်ပါ)။ အကြောင်းချုပ်သွားလို့ရှိရင်. . . (အကျိုးချုပ်ပါတယ်ဘုရား)။ အကျိုးဝိညာဏ်လေး မချုပ်ဘူးလား. . . (ချုပ်ပါတယ်ဘုရား)။

သူ့ အနိစ္စတရားလေး ဘယ်ပြောင်းစရာရှိမတုံး ဒကာဒကာမတို့ . . . (မရှိပါဘူးဘုရား)။ ပြောင်းစရာရှိရဲ့လား . . . (မရှိပါဘူးဘုရား) ကောင်းကောင်းကျေနပ်ပြီလား . . . (ကျေနပ်ပါတယ်ဘုရား)။

## ဒီဘဝမင်္ဂရမယ်လို့တာဝန်ခံတယ်

အဲဒီလို ပြုတ်ပြီးမှ အားထုတ်ရင် ဒီဘဝမင်္ဂရမယ်လို့ ဘုန်းကြီးက တာဝန်ခံလိုက်တယ်. . . (မှန်ပါ)။ ဘုရားကလည်း ရမယ်ဆိုတာ အင်္ဂုတ္တိုရ်ပါဠိတော်မှာ နေ့တိုင်းလိုလို ရွတ်ပြပါတယ်။

အဲ့ဒါကြောင့် ဒီပါဠိမရွတ်တော့ပါဘူး၊ ဒါဖြုတ်ပြီးမှ ဝိပဿနာ ရှုလို့ရှိရင်ဖြင့် ဒိဋ္ဌိတွေ ဝမ်းထဲမှာ စင်ပြီးမှ ရှုရတဲ့အတွက်တဲ့၊ သေသေချာချာ ဒီဘဝခင်ဗျားတို့ နိဗ္ဗာန်ရမယ် . . . (မှန်ပါ)။ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

ကိုဝ ဒီလို ရှင်းရှင်းလင်းလင်းပြောဖို့ မလွယ်ဘူးနော် . . . (မလွယ်ပါဘူးဘုရား)။ အဲဒီတင် သာတိ-ရာတဲ့၊ မင်းဟာ ဝိညာဏ်ပြောင်းတယ်လို့ မင်းက ယူနေတဲ့ဥစ္စာ အင်မတန် ခက်နေပြီတဲ့၊ ငါဘုရားသခင်ကိုယ်တော်မြတ်ကြီးဟောထားတာ "စက္ခုံစ ပဋိစ္စရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ" ဟောတယ်၊ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

"ကာယ ဝိညာဏံ"၊ "မနောဝိညာဏံ"၊ မဟောဘူးလား . . . (ဟောပါတယ်ဘုရား) ကဲ. . . စက္ခုတို့၊ ရူပတို့ ချုပ်လို့ ရှိရင် ဝိညာဏ်က ကျန်ရစ်ဦးမှာလား. . . (မကျန်ပါဘူးဘုရား)။ အဲ အဲဒီလိုလည်း ငါဟောတယ်ကွတဲ့။

## ဝိညာဏ်ပြောင်းတယ်ယူရင်

"ဝိညာဏနိရောဓာ"၊ ငါပဲဟောထားတယ်တဲ့၊ ဝိညာဏ်ဟာဖြစ်လည်းဖြစ်တယ်၊ ပျက်လည်းပျက်တယ်လို့ ငါဟောထားရဲ့သားနဲ့၊ ဖြစ်ပြီးပျက်ပါတယ်လို့ ဝိညာဏ်က ဟောထားရဲ့သားနဲ့၊ မင်းကဒီလိုအမြင်လေးက ဒီခန္ဓာထဲမှာ မကောင်းလို့ ဟိုခန္ဓာပြောင်းတယ်လို့ သဿတဒိဋ္ဌိယူပြီး သကာလ ထားတဲ့အတွက်၊ မင်းသည် ဒီဘဝမဂ်ဖိုလ်မှ အချည်းနှီးဖြစ်ပြီ . . . (မှန်ပါ)။

## ဒီဘဝမင်္ဂလာ မဂ်ဖိုလ်မှအချည်းနှီးဖြစ်ပြီ

ဒကာ ဒကာမတို့ ဘယ့်နှယ့်ဟောလိုက်တုံး . . . (မဂ်ဖိုလ်မှ အချည်းနှီးဖြစ်ပြီ) မဂ်ဖိုလ်မှ အချည်းနှီးဖြစ်ပြီတဲ့ ဒကာ ဒကာမတို့ မရတော့ဘူးတဲ့။

ကိုင်း. . . ဒကာ ဒကာမတို့ ဘယ်လောက် ကြောက်စရာကောင်းသတုံး. . . (ကောင်းပါတယ်ဘုရား) ဒီဒိဋ္ဌိရှိလျက်နဲ့ လျှုတန်းပေးကမ်းပြီးသကာလနေတာ၊ နတ်ရွာသုဂတိ ကေန်ရောက်ပါတယ် ဒကာ ဒကာမတို့၊ ဒိဋ္ဌိဆွဲချမယ် နောက်ကျတော့ . . . (မှန်ပါ)။

မချပေဘူးလား. . . (ချပါတယ်ဘုရား)။ ကျေနပ်ကြရဲ့လား . . . (ကျေနပ်ပါတယ်ဘုရား)။

ဒီနေ့ညမှာ ဒကာ ဒကာမတို့ သဿတဒိဋ္ဌိ အရေးတကြီးသာတိ-ဝတ္ထုကို ထုတ်ပြနေတယ်. . . (မှန်ပါ)။ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

## ဒီနေရာဖြစ်ဒီနေရာပျက်

ကဲ. . . ဒီဥစ္စာ ဒကာ ဒကာမတို့ ဒီဝိညာဏ်လေးသည် ကားလို့ဆိုလို့ရှိရင်ဖြင့်၊ ဒီနေရာမှာ အကြောင်းတိုက်ဆိုင်လို့ ပေါ်ပြီ၊ ဒီနေရာပျက်တယ်လို့သာ ရှုကြပါ. . . (မှန်ပါ)။ ကဲ . . . သဿတ ရှိသေးရဲ့လား. . . (မရှိတော့ပါဘူးဘုရား)။

ခိုင်တာ၊ မြဲတာပါသေးရဲ့လား. . . (မပါပါဘူးဘုရား)။ အဲ သက္ကာယဆိုတဲ့ ငါ၊ ငါ့ဥစ္စာကော. . . (မရှိပါဘူးဘုရား)။ အင်း "ဝိညာဏပစ္စယာနာမရူပံ"လို့ ဟောထားတာ ထောက်ပြန်တော့လည်း အင်းဝိညာဏ်လေးလည်း ပြတ်သွားတယ်လို့ကော ယူလို့ ရသေးရဲ့လား . . . (မရပါဘူးဘုရား) မယူတော့ ဥစ္ဆေဒဒိဋ္ဌိ မလွတ်ဘူးလား. . . (လွတ်ပါတယ်ဘုရား)။

## ဒီဘဝနိဗ္ဗာန်ကိုကောန်ရမယ်

အဲ့ဒါတွေ သိထားတော့မှ၊ ဩော် . . . ဒို့ဆရာဘုန်းကြီးက ယခု စေ့စေ့ညက်ညက် သဿတ၊ ဥစ္ဆေဒ၊ သက္ကာယတွေ အကုန်ဖြုတ်ပြီး ရှုခိုင်းတဲ့အတွက်၊ ဒို့အတွက် ဘာမှ သံသယ မရှိတော့ဘူး၊ ဒီဘဝ မဂ်ရ ဖိုလ်ရ၊ နိဗ္ဗာန်ကို ကောန်ရမှာပဲဆိုတာ ခင်ဗျားတို့ တထစ်ချ ဆုံးဖြတ်ချက်ချပြီး ရှု. . . (မှန်ပါ)။

ဒီလိုဟောပေးမည့် ဆရာနဲ့၊ ရှေ့ပိုင်းက ဖြုတ်ပေးမည့် ဆရာ မပါဘဲနဲ့ လုပ်တဲ့တရားကတော့ မနေ့က ဆန္ဒအတိုင်း မှတ် . . . (မှန်ပါ) အနိစ္စ၊ အနတ္တမြင်ရဲ့နဲ့ နိဗ္ဗာန် မရောက်ဘူး . . . (မှန်ပါ)။

ရောက်ပါ့မလား. . . (မရောက်ပါဘူးဘုရား) ဘာကြောင့်တုံးဆိုတော့ မနေ့ကပြောသလိုပဲ ဒိဋ္ဌိခံလို့. . (မှန်ပါ)။

ဒီနေ့တော့ဖြင့် ဒကာ ဒကာမတို့ ဒိဋ္ဌိတွေကို သာတိ-ဝတ္ထုကို ဘုရား သခင်ကိုယ်တော်မြတ်ကြီး ထုတ်ပြီးသကာလ မဟာ တဏှာ သခ်ယသုတ်ဆိုတော့၊ မဟာထည့်တာ ကြီးလွန်းလို့၊ တဏှာ-ဆိုတာက ဒိဋ္ဌိတဏှာကိုဆိုတာ. . . (မှန်ပါ) သဘော ကျပြီလား . . . (ကျပါတယ်ဘုရား)။

## ဒိဋ္ဌိတဏှာဟာအပါယ်ငရဲမျိုးစေ့

အဲဒိ တဏှာထဲမှာဖြင့် အကြီးဆုံးသော၊ အမိုက်မဲဆုံး သော ဒိဋ္ဌိတဏှာဟာကွာတဲ့ အပါယ်ငရဲမျိုးစေ့သာ မှတ်လိုက် တော့ . . . (မှန်ပါ)။ ကဲ. . မောင်နိုင် ဘယ်လောက် ကြောက် စရာကောင်းသတုံး. . . (ကောင်းပါတယ်ဘုရား)။ သဘောပါ ကြပြီလား . . . (ပါပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ သန္တာန်မှာ ယားတာလည်း ကိုယ် ဝိညာဏ်ပေါ့ဗျာ. . . (မှန်ပါ)။ ကောင်းတာကော. . . (ကိုယ် ဝိညာဏ်ပါဘုရား)။ ဒီပေါ်မှာပေါ်တဲ့ ကောင်းလုံးလေးတွေ လည်း ကိုယ်ဝိညာဏ်လေးတွေပဲ၊ ယားတာလေးတွေကော . . . (ကိုယ်ဝိညာဏ်ပါဘုရား)။ ကိုယ်ဝိညာဏ်လေးတွေပဲ ဆိုတာ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

## မျက်လုံးဝိညာဏ်

အဲ. . . မျက်လုံးထဲပေါ်တော့ မျက်လုံးဝိညာဏ်ပေါ့ဗျာ . . . (မှန်ပါ)၊ နားထဲပေါ်တော့ . . . (နားဝိညာဏ်ပါဘုရား) နှာခေါင်းထဲပေါ်တော့ . . . (နှာခေါင်းဝိညာဏ်ပါဘုရား) လျှာထဲပေါ်တော့ . . . (လျှာဝိညာဏ်ပါဘုရား)။

## မနောဝိညာဏ်

အဲ . . . ကိုယ်ပေါ်မှာပေါ်တော့ . . . (ကိုယ်ဝိညာဏ်ပါဘုရား) ကိုယ်ဝိညာဏ်၊ ဝမ်းထဲမှာပေါ်တော့ . . . (မနောဝိညာဏ်ပါဘုရား) မနောဝိညာဏ်၊ ဒီဥစ္စာတွေ လှည့်ပြီး၊ ဒီဝိညာဏ်တွေကဖြင့် အမြဲပေါ်နေမှာပဲ . . . (မှန်ပါ့)။

## ဝိညာဏ်ပေါ်တိုင်းဖြစ်ပျက်ရှု

နှစ်ခုတိုက်ဆိုင်တိုင်း၊ နှစ်ခုတိုက်ဆိုင်တိုင်း ဝိညာဏ်တွေက တစ်ခုပြီးတစ်ခုပေါ်နေမှာပဲ . . . (မှန်ပါ)။ အဲဒီပေါ်တိုင်း ပေါ်တိုင်း ဝိညာဏ်ကိုခင်ဗျားတို့က ဝိပဿနာဉာဏ်နဲ့သာ နောက်က ဒီနေရာပေါ် ဒီနေရာပျက်ပြီ၊ ဒီနေရာပေါ် ဒီနေရာပျက်ပြီ၊ နေရာတောင်မရွေ့နိုင်ဘူးနော် . . . (မှန်ပါ)။ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

အဲဒီကဲ့သို့ ကိုဝတို့ ပေါ်တဲ့နေရာသာ လျှောက်ရှုနေမယ်ဆို လို့ရှိရင်ဖြင့်၊ ဒိဋ္ဌိဖြုတ်ပြီးသား ပုဂ္ဂိုလ်က ရှုနေတယ် . . . (မှန်ပါ)။ ဘယ်လိုဆိုကြ. . . (ဒိဋ္ဌိဖြုတ်ပြီးသားပုဂ္ဂိုလ်က ရှုနေပါတယ် ဘုရား)။

ဒိဋ္ဌိဖြုတ်ပြီးသား ပုဂ္ဂိုလ်က ရှုတဲ့အခါကျတော့ ဒီဖြစ်ပျက် အပေါ်၌ သံသယကောရှိသေးရဲ့လား. . . (မရှိပါဘူးဘုရား)။ ငါ ငါ့ဥစ္စာကော . . . (မရှိပါဘူးဘုရား) ခိုင်တယ်လို့ကော . . . (မရှိပါဘူးဘုရား)။

ခိုင်တယ်လို့လည်း မထင်တော့ဘူးဆိုတော့ သဿတ ဒိဋ္ဌိပြုတ်ပြီ. . . (မှန်ပါ)။ အင်း. . . ဒီဝိညာဏ်ချုပ်သွားပေမယ့်လည်း တစ်ခါ ဒကာ ဒကာမတို့ ဒိပြင်ကတရားတွေက "ဝိညာဏ ပစ္စယာနာမရူပံ" လို့ မလာပေဘူးလား . . . (လာပါတယ်ဘုရား)။

အဲ. . . "ဖဿပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ" အစရှိသည်နဲ့ လာရမှာပေါ့ဗျာ. . . (မှန်ပါ)။ "စက္ခုံစ ပဋိစ္စ ရူပေစဥပ္ပဇ္ဇတိ စက္ခုဝိညာဏံတိဏ္ဏံသင်္ဂတိ ဖဿော ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာ ပစ္စယာတဏှာ" ကော . . . (လာမှာပါဘုရား) လာမှာပဲ တဏှာဆိုတာ မနောဝိညာဏ်ပဲ ဒကာ ဒကာမတို့ . . . (မှန်ပါ)။ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

ဒါကြောင့် စက္ခုဝိညာဏ်ပေါ်လည်းရှု၊ မနောဝိညာဏ်ပေါ် ရင်ကော. . . (ရှုရမှာပါဘုရား) ရှုဆိုတော့ အဲ့ဒါ ဝေဒနာရှုဆိုတာလည်း ဒါပဲ၊ ဝိညာဏ်ရှုဆိုတာကော. . . (ဒါပါဘုရား)။

## ဝိညာဏ်ကဖြစ်ပျက်၊ ရှုတာကမင်္ဂ

ဒါပဲလို့သာ ရှုပြီးသကာလနေကြတော့၊ ဩော်. . . ဒကာ ဒကာမတို့ ဖြစ်ပျက်နဲ့ မင်္ဂနဲ့ဟာ ကိုက်ကိုက်သွားတယ် . . . (မှန်ပါ) အဲ ဝိညာဏ်က ဖြစ်ပျက်၊ ရှုတာကမင်္ဂ၊ ဝိညာဏ်က . . . (ဖြစ်ပျက်) ရှုတာက. . . (မင်္ဂပါဘုရား)။

ဝိညာဏ်က . . . (ဖြစ်ပျက်) ရှုတာက . . . (မင်္ဂပါဘုရား)၊ အဲတော့ ဖြစ်ပျက်လို့မြင်တဲ့ ပုဂ္ဂိုလ်ဟာ ဒကာ ဒကာမတို့ မှတ်လိုက် သက္ကာယဒိဋ္ဌိလည်း မရှိတော့ဘူး . . . (မှန်ပါ)။

သဿတဒိဋ္ဌိကော. . . (မရှိပါဘူးဘုရား) ဥစ္ဆေဒဒိဋ္ဌိကော . . . (မရှိပါဘူးဘုရား) ဩော်. . ဒါဖြင့် ဒိဋ္ဌိဖြုတ်ပြီး သူရှုနေတာ . . . (မှန်ပါ)။ ဝိစိကိစ္ဆာပြုတ်ပြီးတော့ . . . (ရှုနေတာပါဘုရား)။

ဒါဖြင့် ဒိဋ္ဌောဃဆိုတာလည်း သူ့မှာမရှိတော့ဘူး. . . (မှန်ပါ)။ ရှိသေးရဲ့လား. . . (မရှိပါဘူးဘုရား)။

## အဝိဇ္ဇောဃကုန်တယ်

အဝိဇ္ဇောဃဆိုတဲ့ ဝိစိကိစ္ဆာ အဝိဇ္ဇောဃကော. . . (မရှိပါဘူးဘုရား)။ မရှိတော့ ဩော်. . . အာသဝေါကုန်နေတာပါလား. . . (မှန်ပါ)။ ဒိဋ္ဌောဃနဲ့ အဝိဇ္ဇောဃ ကုန်နေတာပါလားလို့ မဆိုထိုက်ဘူးလား. . . (ဆိုထိုက်ပါတယ်ဘုရား)။

အဲ. . အာသဝေါတရားကုန်ရာ နိဗ္ဗာန်ရောက်ရပါလို၏လို့ ဆိုလို့ ရောက်တာမဟုတ်ဘူး. . . (မှန်ပါ)။ ဒီလိုရှုတော့မှ သူ့ဟာ သူကုန်သွားတာ. . . (မှန်ပါ)။ မကုန်ဘူးလား . . . (ကုန်ပါတယ် ဘုရား)။

## ဒိဋ္ဌောဃကုန်တယ်

ဖြစ်ပျက်မြင်သဖြင့် ဒိဋ္ဌောဃမကုန်ဘူးလား . . . (ကုန်ပါတယ်ဘုရား)။ ဒီတရားလေးဟာ အကြောင်းကြောင့်ဖြစ်တာပဲ လို့မြင်သဖြင့်လည်း အဝိဇ္ဇောဃဆိုတဲ့ ဝိစိကိစ္ဆာက . . . (ကုန်ပါတယ် ဘုရား) မကုန်ဘူးလား. . . (ကုန်ပါတယ်ဘုရား)။

အဲ့ဒီလို ရှုနေတဲ့ပုဂ္ဂိုလ်သာလျှင် ကုန်တာလို့မှတ်၊ ဆုတောင်းနေတဲ့ ပုဂ္ဂိုလ်က လိုချင်လို့ တောင်းတာ သူ့ကုန်တာ မဟုတ်ဘူး. . . (မှန်ပါ) သဘောပါကြပြီလား. . . (ပေါ်ပါပြီဘုရား)။

အဲဒီကဲ့သို့ ရှုပြီးသကာလနေတော့၊ သာတိဟာ မင်း ဝိညာဏ်လေးပြောစမ်းပါဦး၊ မင်းဝိညာဉ်ဟာ ဟိုဘဝ ဒီဘဝ ပြောင်းတယ်ဆိုတော့၊ သူက ဘယ်လိုများပြောင်းတာတုံးဆို တော့၊ ဒီဘဝ ဒီခန္ဓာမကောင်းလို့ ဟိုခန္ဓာပြောင်းတာပါဘုရား၊ ဒီအတိုင်းလျှောက်တယ်၊ ဒါဖြင့်ဝိညာဏ် မသေဘူးပေါ . . . (မှန်ပါ)။ အနိစ္စမဖြစ်ဘူးပေါ. . . (မဖြစ်ပါဘုရား) သဘောကျ ပြီလား. . . (ကျပါတယ်ဘုရာ။)။

နို့ . . . ပြောင်းပြီးဘာလုပ်သေးသတုံး၊ ဟိုကျတော့ ဘုရားတဲ့ သူပဲစကားပြောတာပဲတဲ့၊ သူပဲကောင်းတာဆိုးတာ ခံစားတာပဲ တဲ့၊ အဲဒါ အဲဒီဝိညာဏ်ကို တပည့်တော်ဆိုတာ ဆိုတော့မှ၊ မင်း မဂ်ဖိုလ်မှ အချည်းနှီးဖြစ်ပြီကွ၊ ဒီဘဝ မဂ်ဖိုလ် မရနိုင် တော့ဘူးကွ၊ ဒီဒိဋ္ဌိမဖြုတ်ရင်။

ခုလို နားလည်ပြီး ဖြုတ်လိုက်ပြန်တော့လည်း၊ ခင်ဗျား တို့ နဂိုက မိဘရိုးရာတွေနဲ့ ယူထားတဲ့ အယူတွေ၊ နားလည် ပြီးသား ဖြုတ်လိုက် မဂ်ဖိုလ်မတားပြန်ဘူး . . . (မှန်ပါ)။ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

## ဝိညာဏ်ဟာဒိနေရာဖြစ်ဒိနေရာပျက်

ကဲ. . . ကိုဝ နားလည်ပြီလား. . . (နားလည်ပါပြီ ဘုရား)။ ဝိညာဏ်ဟာပြောင်းသလား ရွှေ့သလား. . . (မရွှေ့

ပါဘူးဘုရား)။ ဒီနေရာဖြစ်ရင် ဒီနေရာ . . . (ပျက်ပါတယ် ဘုရား)။

လက်မောင်းမှာ လက်သည်းကလေးနဲ့ ကုတ်ကြည့်တော့ "ဒုက္ခသကာယဝိညာဏ်"လေးမပေါ်ဘူးလား. . . (ပေါ်ပါတယ်ဘုရား)။ ဘယ်နေရာများ ရွှေ့ပြီးပျောက်သေးတုံး၊ ကုတ်တဲ့နေရာမှာပေါ်ပြီး ကုတ်တဲ့နေရာတင် ပျောက်တာ . . . (မှန်ပါ)။

ဒီနေရာ ဖောဋ္ဌဗ္ဗာရုံနဲ့ထိပြီး ဒီနေရာထိပြီး ဒီနေရာ ပျောက်တာ . . . (မှန်ပါ)။ သဘောကျပြီလား. . . (ကျပါ တယ်ဘုရား)။

ဒီနား လေထိုးပြီးနာနေတယ် ဒကာ ဒကာမတို့၊ လေတည်းဟူသော လေထဲပါတဲ့ပထဝီဓာတ်၊ ဖောဋ္ဌဗ္ဗာရုံနဲ့ အူတွေသွားထိနေတော့ အူတည်းဟူသော ကာယနဲ့ သွားထိတော့၊ ဟိုနေရာကအောင့် ဒီနေရာကနာတွေ၊ ဒီနေရာ လေးက မခံသာဘူးဆိုတာ၊ အဲ့ဒါလေးတွေလည်း ကာယ ဝိညာဏ်လေး တွေပဲတဲ့၊ ဖြစ်ပျက်ကလေးတွေရှုလိုက်ပါလား . . . (မှန်ပါ)။ သဘောကျပြီလား. . . (ကျပါတယ်ဘုရား) ကျေနပ်ပြီလား . . . (ကျေနပ်ပါတယ်ဘုရား)။

အဲ. . . လေနာတာသည် ဒကာ ဒကာမတွေ ရိပ်မိပြီ လား. . . (ရိပ်မိပါပြီဘုရား) အဲ. . . ကိုယ်နဲ့ ခန္ဓာကိုယ်နဲ့

လေထဲမှာပါတဲ့ ဖောဋ္ဌဗ္ဗာရုံနဲ့ သွားထိတော့ ကျင်, နာတာပဲ . . . (မှန်ပါ) သဘောကျပြီလား. . . (ကျပါပြီဘုရား)။

## အဲဒါလေးတွေဘာလုပ်ရမတုံး

အဲ့ဒါလေးတွေ ဘာလုပ်ရမတုံး. . . (ဖြစ်ပျက်ရှုရမှာပါဘုရား) သူ့ဝိညာဏ်လေးပဲ မဟုတ်လား. . . (မှန်ပါ) ကာယဝိညာဏ်လေးပဲ ဒကာ ဒကာမတို့နော်. . . (မှန်ပါ)။ ကာယဝိညာဏ်လေးဖြစ်နေတော့ သူ့ဖြစ်ပျက်ရှုရုံပေါ့ . . . (မှန်ပါ)။

မနောဝိညာဏ်ကြဲလုံးစည်လုံး စိတ်လေးပေါ်လာ တော့ မနောဝိညာဏ်. . . (မှန်ပါ)။ ခုနက နာလုံး ကျင်လုံးလေး ကျတော့ ကာယဝိညာဏ်၊ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

နာလုံး ကျင်လုံးလေးကျတော့ . . . (ကာယဝိညာဏ်ပါဘုရား) အဲ. . . ကြံလုံးစီလုံးလေးကျတော့ . . . (မနောဝိညာဏ်ပါဘုရား)။ မြင်လုံးလေးကျတော့. . . (စက္ခုဝိညာဏ်ပါဘုရား)။

ကြားလုံးလေးကျတော့. . . (သောတဝိညာဏ်ပါဘုရား) နံလုံးလေးကျပြန်တော့. . . (ဃာနဝိညာဉ်) စားသိစိတ်ကလေးသိပြန်တော့. . . (ဇိဝှာဝိညာဉ်) ဒီလိုသိတော့ ဒီဝိညာဉ်တွေဟာ သူ့နေရာနဲ့သူ မပေါ်ပေဘူလား . . . (ပေါ်ပါတယ်ဘုရား)။

## ပေါ်တာလေးတွေဖြစ်ပျက်ရှု

ပေါ်တာလေးတွေကျတော့ မောင်နိုင်တို့က ဘယ့်နှယ့်လုပ်မတုံး. . . (ဖြစ်ပျက်ရှုရမှာပါဘုရား)။ ဖြစ်ပျက်ရှုမှာပေါ့ကွ အကြောင်းကြောင့်ပေါ်လာတဲ့ တရားလေးတွေ၊ အကြောင်းချုပ်တော့ချုပ်တယ်၊ အကြောင်းကြောင့် ပေါ်လာတယ်ဆိုတော့ အဖြစ်. . . (မှန်ပါ)။

အကြောင်းချုပ်တော့ သူကျန်ရစ်သေးရဲ့လား . . . (မကျန်ရစ်ပါဘူးဘုရား) မကျန်ရစ်တော့ အပျက်မနေဘူးလား . . . (အပျက်ပါဘုရား) သူ့မှာ ဘာရှိသတုံးမေးရင်. . . (ဖြစ်ပျက်ပဲရှိတယ်) သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

ဘယ်စိတ်ပေါ်ပေါ် ဘာရှုမတုံး . . . (ဖြစ်ပျက်ရှုရမှာပါဘုရား)။ ဖြစ်ပျက်ပဲရှုတော့ ကိုဝတို့က တစ်ခါတည်း ဝိပဿနာဉာဏ်ကလေးနဲ့ ဟိုနေရာပေါ်လည်း ဖြစ်ပျက်၊ ဒီနေရာပေါ်လည်းဖြစ်ပျက်၊ ဉာဏ်နဲ့ပေါ့ဗျာ . . . (မှန်ပါ)။

ရှုရှု၊ ရှုရှုနေမယ်ဆိုလို့ရှိရင်ဖြင့်တဲ့ ဒကာ ဒကာမတို့ ကာယဝိညာဏ်လေးဖြစ်ပျက်ရှုလည်း ဒီတနေ့ရှုလိုက်တယ်တဲ့၊ နောက်ကနေပြီး "သုခသဟဂုတ်ကာယဝိညာဏ်" နောက်ကလည်း လောဘ ကာယဝိညာဏ်လေး ပေါ်လာတဲ့အခါကျလို့ရှိရင် "ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာ ပစ္စယာ တဏှာ" တွေ လာသေးရဲ့လား . . . (မလာပါဘူးဘုရား)။

ဘယ်တဏှာလာမတုံး ဒကာ ဒကာမတို့ ဖြစ်ပျက်ရှုတဲ့ မဂ်ကလိုက်နေတာ. . . (မှန်ပါ)။ မလိုက်ဘူးလား. . . (လိုက်ပါတယ်ဘုရား)။ အဲ့ဒီကဲသို့ လိုက်နေတော့ ခင်ဗျားတို့ နိဗ္ဗာန်ရောက်ဖို့အရေးဟာက အနီးလေးပါ. . . (မှန်ပါ)။

## ဖြစ်ပျက်ဆုံးတဲ့နေရာ၊ နိဗ္ဗာန်

ဟောဒီ. . . ဖြစ်ပျက်ဆုံးတဲ့နေရာ ကိုဝ ဘာရှိမတုံး . . . (နိဗ္ဗာန်ပါဘုရား)။ နိဗ္ဗာန်၊ ဩော်. . . ဒကာ ဒကာမတို့ ဖြစ်ပျက်ဆုံးတဲ့နေရာ နိဗ္ဗာန်ဆိုသဖြင့် အင်း. . . ဒီနေရာမှာ "ဝိညာဏဿနိရောဓေန" ဆိုတဲ့အတိုင်းတဲ့ ဝိညာဏ်ချုပ်သွားလို့ ရှိရင်ဖြင့် ဒါ နိဗ္ဗာန်ပဲ. . . (မှန်ပါ)။

ဝိညာဏ်ချုပ်တော့ ဝိညာဏ်ချည့်ချုပ်တာမဟုတ်ပဲ ကိုဝရ . . . (မှန်ပါ)။ သူနဲ့ဝေဒနာနဲ့လည်း တွဲမချုပ်ဘူးလား. . . (တွဲချုပ်ပါတယ်ဘုရား)။ သညာနဲ့ကော. . . (ချုပ်ပါတယ်ဘုရား)။

ကျန်တဲ့စေတနာ သင်္ခါရတွေနဲ့ကော. . . (ချုပ်ပါတယ်ဘုရား) သူမှီနေတဲ့ ရုပ်နဲ့ကော . . . (ချုပ်ပါတယ်ဘုရား) ချုပ်တော့ ခန္ဓာငါးပါးမပြည့်ဘူးလား. . . (ပြည့်ပါတယ်ဘုရား)။

## ခန္ဓာငါးပါးချုပ်ဆုံးတာနိဗ္ဗာန်

အဲ. . . ဝိညာဏ်တစ်ခုတည်း ရှုလိုက်တော့ ခန္ဓာငါးပါး ချုပ်သွားတော့၊ အဲ. . . ခန္ဓာငါးပါးချုပ်ဆုံးတာ ဘာခေါ်မလဲ . . . (နိဗ္ဗာန်ပါဘုရား)။

ဒါဖြင့် ခန္ဓာငါးပါးချုပ်ဆုံးတာသည် ကားဆိုရင် နိဗ္ဗာန် ဆိုတော့၊ ဩော်. . . ဒါဖြစ်ပျက်ဒုက္ခသစ္စာကြီး ချုပ်သွားတာ . . . (မှန်ပါ) ဘာချုပ်သွားတာပါလိမ့်. . . (ဖြစ်ပျက်ဒုက္ခ သစ္စာကြီးချုပ်သွားတာပါဘုရား)။

## ဒုက္ခသစ္စာချုပ်သွားတော့သုခနိဗ္ဗာန်

ဖြစ်ပျက်ဒုက္ခသစ္စာကြီးချုပ်သွားတော့ ဒကာ ဒကာမ တို့၊ ဒီနေရာမှာ သူဒုက္ခချုပ်သွားတဲ့နေရာမှာ၊ အနာ ပေါက်တဲ့ နေရာမှာ အနာပျောက်တော့ကို အနာပေါက်တဲ့ နေရာမှာ ဒုက္ခ၊ အနာပျောက်သွားတော့ ဒီနေရာမှာ သုခ . . . (မှန်ပါ)။

အနာပေါက်တဲ့နေရာ ပေါက်နေတုန်းက ဘယ့်နှယ်ဆို မတုံး . . . (ဒုက္ခပါဘုရား)။ ဒီနေရာမှာပဲ အနာက အသားနု တွေတက်ပြီးပျောက်သွားတယ်၊ ဒီနေရာ သုခပေါ်တယ်၊ ဩော် . . . ဒုက္ခချုပ်တဲ့နေရာဘာပေါ်ရတုံး. . . (သုခပေါ်ရပါတယ် ဘုရား)။

ဒီမှာလည်းတဲ့ အဲ့ဒါက ဥပမာ ပြတာပါ။ စင်စစ်တော့ ခန္ဓာငါးပါး ဒုက္ခသစ္စာတရား ဉာဏ်ထဲမှာချုပ်သွားလို့ရှိရင် ဒီနေရာ သုခနိဗ္ဗာန်ရှိတဲ့ နိဗ္ဗာန် အသေအချာ ပေါ်မယ်. . . (မှန်ပါ)။

မချုပ်သေးလို့မပေါ်တာ. . . (မှန်ပါ)။ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား) အရိယာမျက်လုံးတပ်ပြီး ဖြတ်လိုက်လို့ရှိရင်၊ ဩော်ခုမှပဲ၊ ဒုက္ခသစ္စာကြီးနဲ့ အိုးစားကွဲရပေတော့တယ်၊ ချုပ်ပေတော့တယ်ဆိုတာ မလာဘူးလား . . . (လာပါတယ်ဘုရား)။

အဲဒီကဲ့သို့ ဒကာ ဒကာမတွေသည် ဒီဝိညာဏ်အပေါ်၌ ဝိညာဏ်ရှုရှု၊ ဝေဒနာရှုရှု၊ ရှုချင်တာရှု ဒီဖြစ်ပျက်ကိုဖြင့် မြင်ရမယ်. . . (မှန်ပါဘုရား)။

## ဖြစ်ပျက်ရှုပါများရင်မုန်းရမယ်

ဖြစ်ပျက်ကိုဖြင့် ရှုပါများရင်မုန်းရမယ်. . . (မှန်ပါဘုရား) ဖြစ်ပျက်ကိုဖြင့် မလိုချင်တဲ့ဉာဏ်နဲ့ ရှုလိုက်လို့ရှိရင် ဆုံးရမယ်. . . (မှန်ပါ) ဆုံးလို့ရှိရင်ဖြင့် အဆုံးသည် နိဗ္ဗာန် . . . (မှန်ပါ)။ အမြင်သည် မဂ်ဉာဏ်. . . (မှန်ပါ)။

## အပါယ်တံခါးပိတ်တာပထမနိဗ္ဗာန်

မဂ်ဉာဏ်ဆိုတော့ ခုနက ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ အသေသည် သမုဒယသေတာ. . . (မှန်ပါ)။ အပါယ်လေးပါး တံခါးပိတ်တာသည် ပထမနိဗ္ဗာန်ရတာ. . . (မှန်ပါ)။

အပါယ်လေးပါးတံခါးပိတ်တာသည်. . . (ပထမနိဗ္ဗာန်ရတာပါဘုရား) ဒါဖြင့် ဒီဝိညာဏ်ကို ခင်ဗျားတို့ ဘယ်မှလည်း ရွှေ့တယ်ပြောင်းတယ် မယူဘဲနဲ့၊ အကြောင်းတိုက်ဆိုင်လို့ အကြောင်းနှစ်ခုကြောင့် ဖြစ်ပေါ်လာတဲ့ ဝိညာဏ်၊ အကြောင်းနှစ်ခုချုပ်ရင်ချုပ်တာပဲ၊ အပျက်ပဲဆိုတာလည်း သိနေတော့၊ ဘာမှ ဆရာကူပေးလိုက်တဲ့ဥစ္စာကဒိဋ္ဌိဝိစိကိစ္ဆာကို သဘောနဲ့ သတ်ပေးလိုက်တာကို ခင်ဗျားတို့က ဖြစ်ပျက်ရှုရုံပဲရှိတယ်. . . (မှန်ပါ)။

ကျေနပ်ပြီလား. . . (ကျေနပ်ပါပြီဘုရား)။ ရှင်းပြီနော် . . . (ရှင်းပါပြီဘုရား)။

**ကဲ. . . ယနေ့ဒီတွင်တော်ပါဦး**

**သာဓု. . .၊ သာဓု. . .၊ သာဓု. . .။**